# ယောကျ်ားမိန်းမအရေးကိစ္စ

## ဆရာလက်စွဲ

### ယောကျ်ားမိန်းမအရေးကိစ္စ။ ။ ဤသင်ရိုးညွှန်းတမ်းအား အသုံးချခြင်း

ဤသင်ရိုးညွှန်းတမ်းသည် အင်္ဂလိပ်စာ အလယ်အလတ်အဆင့်ရှိသော အရွယ်ရောက်ပြီးသူများအတွက် ရည်ရွယ်သည်။

ဤသင်ခန်းစာသည် အင်္ဂလိပ်လို ရေးသားထားသော်လည်း စာသင်ခန်းအတွင်း မည်သည့်ဘာသာစကား အသုံးချမည်ကို သင်နှင့် သင့်ကျောင်းသားများ ဆုံးဖြတ်ပါ။ ဖြစ်နိုင်လျှင် ကျောင်းသားများအား သင်ခန်းစာ၏ ရည်ရွယ်ချက်၊ အဓိပ္ပာယ်တို့ကို ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် ရှင်းပြပါ။ ထိုအကြောင်းအရာများကို ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် ဆွေးနွေးရန် အားပေးအားမြှောက်ပြုပါ။

ဤစာအုပ်တွင်လေ့ကျင့်ခန်းများစွာပါဝင်သည်။သင့်တွင်အချိန်သိပ်မရှိပါကသို့မဟုတ်အချို့လေ့ကျင့်ခန်း၊အချို့အပိုင်းများသည် သင့်အတန်းအတွက် မလိုအပ်ဟု ယူဆလျှင် ကျောင်းသားများအား သင်ပေးစရာ မလိုပါ။

အချို့လေ့ကျင့်ခန်းများကို လုပ်ဆောင်ရာ၌ ယောကျ်ား၊ မိန်းမ အုပ်စုများ သီးသန့်ခွဲ၍ လုပ်ဆောင်လျှင် ပိုကောင်းမည်ဖြစ်သည်။ အချို့လေ့ကျင့်ခန်းများမှာမူ ယောကျ်ားမိန်းမ ရော၍ လုပ်ဆောင်မှ သင့်တော်သည်။

ဆွေးနွေးနေစဉ်တွင် ကျောင်းသားများသည် တစ်ဦးနှင့်တစ်ဦး သဘောတူညီမှု ရှိချင်မှ ရှိမည်။ ယောကျ်ားနှင့် မိန်းမများသည် အရာများစွာ၌ သဘောတူကြမည် မဟုတ်။ ထို့အတူ မိန်းမအချင်းချင်း၊ ယောကျ်ားအချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦး သဘောထား တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မည်။ ကျောင်းသားများ တစ်ဦးကိုတစ်ဦး သေချာစွာ နားထောင်ရန်နှင့် တစ်ပါးသူ၏ ထင်မြင်ယူဆချက်များကို လေးစားရန် အားပေးအားမြှောက်လုပ်ပေးဖို့ အရေးကြီးသည်။ ယောကျ်ားများသည် မိန်းမများအတွက်၊ မိန်းမများသည် ယောကျ်ားများအတွက် ပြောပေးခွင့် မရှိကြောင်း ကျောင်းသားများအား သတိပေးပါ။ ထို့အတူ မိန်းမတစ်ဦးတည်းက အခြားမိန်းမများအားလုံးအတွက်၊ ယောကျ်ားတစ်ဦးတည်းက အခြားယောကျ်ားအားလုံးအတွက် ပြောဆိုပေးခွင့် မရှိပါ။

ကျောင်းသားများ **'တရားသေသတ်မှတ်ခြင်း'** ကို နားလည်အောင် ရှင်းပြပါ။ အခြားအဖွဲ့များအပေါ် တရားသေသတ်မှတ်ခြင်းအား ရှောင်ရှားရန် သတိပေးပါ။ သင်ခန်းစာအစပိုင်းတွင် တရားသေသတ်မှတ်ခြင်းနှင့် ပတ်သက်၍ လေ့ကျင့်ခန်းများ ပါရှိသည်။

## ၁။ မိတ်ဆက်

ကျွန်ုပ်တို့ အဘယ့်ကြောင့် ယောကျ်ားမိန်းမအကြောင်း ပြောနေရသနည်း။

သင်ခန်းစာမစခင် ကျောင်းသားများ သော့ချက်စကားလုံးများကို နားလည်အောင် အရင်လုပ်ပါ။

စာပိုဒ်များကို မဖတ်မီ ဤသင်ခန်းစာမှ မည်သည်များ သင်ကြားရမည်ကို မျှော်လင့်သနည်းဟု ကျောင်းသားများအား မေးပါ။ ၎င်းတို့၏ အတွေးအခေါ်များကို သင်ပုန်းပေါ်တွင် ရေးပါ။

စာပိုဒ်ကို ဖတ်၍ ကျောင်းသားများ နားမလည်သည်များကို ရှင်းလင်းပေးပါ။

## တရားသေသတ်မှတ်ခြင်း

ကျောင်းသားများ **'တရားသေသတ်မှတ်ခြင်း'** (Stereotype) ဆိုသော စကားလုံးကို နားလည်မလည် မေးမြန်းပါ။ သော့ချက်စကားလုံးထဲမှ အချက်အလက်များအား ပြန်လည်ရှုတ်ဖတ်နေမည့်အစား ၄င်းတို့အား ကိုယ်ပိုင်စကားလုံးများကို အသုံးပြုခိုင်း၍ အနမနသအပစန အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် ဘာသာသာပြန်မှု လုပ်ခိုင်းပါ။ အောက်ပါမှ အဘိဓာန်ထဲမှ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်သည်။

များသောအားဖြင့် အခြားအဖွဲ့တစ်ဖွဲ့ကို ပုံဖော်ထားသည့် ချဲ့ကားထားသော အပေါ်ယံရှုမြင်သော၊ ထိခိုက်စေသော ယေဘုယျသတ်မှတ်ချက်။

ပုံသေသတ်မှတ်ခြင်းကို ကျောင်းသားများ အဓိပ္ပာယ်ဖွင့်ဆိုရန် ခက်ခဲနေလျှင် အောက်ပါဥပမာများကို သင်ပုန်းပေါ်တွင် ရေးချပါ။

**တရုတ်လူမျိုးများသည် အလုပ်ကြိုးစားသည်။**
**ကျွန်ုပ်တို့အတန်းထဲရှိ တရုတ်ကျောင်းသားများသည် အလုပ်ကြိုးစားသည်။**
**တရုတ်လူမျိုးအချို့သည် အလုပ်ကြိုးစားသည်။**

**အထက်ပါ ဖော်ပြချက်များသည် ပုံသေသတ်မှတ်ခြင်း ဟုတ် မဟုတ် ကျောင်းသားများအား မေးမြန်းကြည့်ပါ။**

ပထမဆုံးတစ်ခုမှ ပုံသေသတ်မှတ်ချက် ဖြစ်သည်။ တရုတ်လူများအား ယေဘုယျ သတ်မှတ်ခြင်း ဖြစ်သည်။ တရုတ်လူမျိုးအားလုံးအတွက် အဆိုတစ်ခု သတ်မှတ်ထားခြင်း ဖြစ်သော်လည်း တရုတ်အားလုံးအတွက် မမှန်ကန် ပါ။ ဒုတိယအဆိုမှာ ပုံသေသတ်မှတ်ခြင်း မဟုတ်ပါ။ ပြောသူက မိမိသိသော အလုပ်ကြိုးစားသူ လူအုပ်စုတစ်ခုအကြောင်း ပြောနေခြင်း ဖြစ်သည်။ တတိယတစ်ခုမှာလည်း လူအုပ်စုတစ်ခုမှ လူအားလုံး (တရုတ်လူမျိုးအားလုံး) ကို ရည်ညွှန်းနေခြင်း မဟုတ်သောကြောင့် ပုံသေသတ်မှတ်ခြင်း မဟုတ်ပါ။

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

အုပ်စုငယ်လေးများတွင် အဆိုများ ပုံသေသတ်မှတ်ချက် ဟုတ် မဟုတ် ဆုံးဖြတ်ခိုင်းပါ။

အဖြေများ

**၁။ ပုံသေသတ်မှတ်ချက်**
**၂။ ပုံသေသတ်မှတ်ချက်**
**၃။ ပုံသေသတ်မှတ်ချက်**
**၄။ ပုံသေသတ်မှတ်ချက် မဟုတ်**
**၅။ ပုံသေသတ်မှတ်ချက် မဟုတ်**
**၆။ ပုံသေသတ်မှတ်ချက်**
**၇။ ပုံသေသတ်မှတ်ချက်**
**၈။ ပုံသေသတ်မှတ်ချက်**
**၉။ ပုံသေသတ်မှတ်ချက်**
**၁၀။ ပုံသေသတ်မှတ်ချက် မဟုတ်**

### လေ့ကျင့်ခန်းများ

ကျောင်းသားများသည် စာမျက်နှာ ၂ မှ ပုံသေသတ်မှတ်ထားသော အဆိုများကို ပြန်လည်ရေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**၁။** အချို့ကောင်လေးများသည် ဘောလုံးကန်ရာ၌ တော်သည်။

**၂။** ဗုဒ္ဓဘာဝင်အများအပြားသည် သိမ်မွေ့ငြိမ်းချမ်းသည်။

**၃။** အမေရိကန်အများအပြား၏ အသားအရေသည် ဖြူသည်။ ကျန်အမေရိကန်အများအပြား၏ အသားအရေမှာ မဖြူပါ။

**၆။** မွတ်စလင်အများစု၏ အသားအရေမှာ နက်သည်။
**၇။** အင်္ဂလိပ်လူမျိုးအချို့သည် ခရစ်ယာန်များဖြစ်သည်ဟု ကျွန်ုပ်ထင်သည်။
**၈။** လက်သိုရှာမှ ယုံကြည်ဖွယ်ရာမကောင်းသူအချို့နှင့် ကျွန်ုပ် ဆုံတွေ့ဖူးသည်။
**၉။** အနောက်တိုင်းသားအများအပြားမှာ ပူစပ်သောအစားအစာကို မကြိုက်ပေ။ ကျန်အများအပြားကလည်း အမှန်တကယ် ကြိုက်ကြသည်။

## အကြောင်းအရာလေ့လာခြင်း

ဤအကြောင်းအရာသည် ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံတွင် စာသင်နေသော ဩစတြေးလျအမျိုးသမီး၏ အဖြစ်အပျက် ဖြစ ်သည်။
**၁။** ကျောင်းသားများသည် ပုံပြင်၏ ပထမအပိုင်းကို ဖတ်ရမည်ဖြစ်ပြီး ပုံသေသတ်မှတ်ခြင်း၏ ဥပမာများကို ဖော်ထုတ်ရမည်။

အဖြေများ
**'မြန်မာလူမျိုးများသည် ညစ်ပတ်ပြီး မရိုးသားသောသူများ ဖြစ်သည်။'**
**'၄င်းတို့သည် မဖော်ရွေပါ။ မြန်မာလူမျိုးများကို ဆိုးရွားစွာ ဆက်ဆံသည်။'**
**ကျောင်းသူ၏အစ်မ ဆုံတွေ့သော စင်ကာပူများသည် မြန်မာလူမျိုးများအပေါ် ပုံသေသတ်မှတ်ခြင်း ဖြစ်သည်။**
**ကျောင်းသူနှင့် အစ်မဖြစ်သူသည် စင်ကာပူလူမျိုးများအား ပုံသေသတ်မှတ်နေခြင်း ဖြစ်သည်။**

**၂။** ကျောင်းသားများ ဇာတ်လမ်း၏ ဒုတိယပိုင်းကို မဖတ်မီ ဩစတြေးလျဆရာမ၏ အဖြေကို ခန့်မှန်းခိုင်းပါ။

## ဆွေးနွေးချက်

ဆရာမ၏ အဖြေသည် သင့်တော်၏ မတော်၏ကို ကျောင်းသားများ မည်သို့ ထင်ကြောင်း ဆွေးနွေးပါစေ။

# ယောက်ျားမိန်းမ ပုံသေသတ်မှတ်ခြင်း

## အတန်းတွင်းလေ့ကျင့်ခန်း

ကျောင်းသားများ လှည့်လည်သွားလာနိုင်လောက်သည့် အကျယ်အဝန်းရရန် စာသင်ခန်းကို ရှင်းလင်းပါ။ အခန်း၏ တစ်ဖက်စွန်းတွင် '၁၀၀ ရာခိုင်နှုန်း သဘောတူ'ဟု ရေးထားသော စက္ကူစကို ထားပြီး ကျန်အစွန်းတွင် '၀ ရာခိုင်နှုန်း သဘောတူ'ဟု ရေးထားသော စက္ကူကို ထားပါ။ အလယ်တွင် '၅၀ ရာခိုင်နှုန်း သဘောတူ'ကို ထားပါ။ ယောက်ျားနှင့် မိန်းမတို့အကြောင်း အဆိုများစွာကို ဖတ်ပြမည်ဟု ကျောင်းသားများအား ရှင်းပြပါ။ ကျောင်းသားများသည် သေချာစွာ နားထောင်ပြီး အဆိုတစ်ခုစီကို မည်မျှ သဘောတူကြောင်း ဆုံးဖြတ်ရမည်။ ၄င်းတို့ မည်မျှ သဘောတူသည်အပေါ် မူတည်ပြီး သက်ဆိုင်ရာနေရာတွင် မတ်တပ်ရပ်ရမည်။ ထို့ကြောင့် ကျောင်းသားတစ်ယောက် အပြည့်အဝသဘောတူလျှင် '၁၀၀ ရာခိုင်နှုန်း'ဟု သတ်မှတ်ထားသော နေရာတွင် ရပ်ရမည်ဖြစ်ပြီး လုံးဝသဘောမတူလျှင် ကျန်တစ်ဖက်စွန်းတွင် ရပ်ရမည် ဖြစ်သည်။ ကျောင်းသားများ တစ်ခါတရံ သဘောတူပြီး တစ်ခါတရံ သဘောမတူလျှင် အလယ်တွင် ရပ်ရမည် ဖြစ်သည်။

ပထမအဆိုကို ဖတ်ပြပါ။ ကျောင်းသားများက အဆိုအပေါ် မည်မျှ သဘောတူသည်ဆိုသောအပေါ် မူတည်၍ အခန်း၏ တစ်နေရာရာတွင် မတ်တပ်ရပ်လိမ့်မည်။

**၁။ ယောက်ျားများသည် မိန်းမများထက် ပိုတော်သော နိုင်ငံရေးခေါင်းဆောင်များ ဖြစ်သည်။**
**၂။ အမျိုးသမီးများသည် အမျိုးသားများထက် ပိုကောင်းသော မိဘများ ဖြစ်သည်။**
**၃။ ယောက်ျားများသည် မိသားစု၏ အရေးကြီးဆုံးဖြတ်များအားလုံးကို ချရမည်။**
**၄။ အမျိုးသမီးများ စစ်သားအဖြစ်သင့်ပါ။**
**၅။ ယောက်ျားများ မငိုသင့်ပါ။**

အဆိုကို ဖတ်ပြီးသောအခါ အဘယ့်ကြောင့် ထိုနေရာတွင် ရပ်နေရသည်ကို ကျောင်းသားအချို့အား မေးပါ။

ကျောင်းသားများက အဆိုပြုချက်ကို လက်ခံသည်၊ လက်မခံသည်ကို ဖြစ်ပေါ်စေသည့် ယောက်ျား၊ မိန်းမတို့၏ ထင်ရှားသော ဝိသေသလက္ခဏာများကို မေးမြန်းကြည့်ပါ။ ဥပမာ ပထမအဆို (ယောက်ျားများသည် မိန်းမများထက် ပို တော်သော နိုင်ငံရေးခေါင်းဆောင်များ ဖြစ်သည်) အတွက် ၁၀၀ ရာခိုင်နှုန်းနေရာတွင် ရပ်နေသော ကျောင်းသားအား မေးမြန်းကြည့်ပါ။ 'ယောက်ျားတွေ တော်တဲ့ နိုင်ငံရေးခေါင်းဆောင်ဖြစ်အောင် ဘာက လုပ်ဆောင်ပေးသလဲ။ ဘာကြောင့် မိန်းမတွေက နိုင်ငံရေးခေါင်းဆောင်ကောင်း မဖြစ်နိုင်ရတာလဲ။' သင်ပုန်းပေါ်တွင် စာရင်းနှစ်ခု ရေးပါ။ တစ်ခုမှ ယောက်ျားများ၏ ဝိသေသလက္ခဏာဖြစ်ပြီး ကျန်တစ်ခုမှ မိန်းမများ၏ ဝိသေသလက္ခဏာ ဖြစ်သည်။ အထက်တွင် ပေးထားသော အဆိုပြုချက် ၅ ခုအတွက် ရလာမည့် ရလဒ်ပုံစံ စာရင်းကို အောက်တွင် ဥပမာအဖြစ် ဖော်ပြထားသည်။

| **အမျိုးသမီးများ** | **အမျိုးသားများ** |
|---|---|
| အားနွဲ့သည်၊ ကြင်နာသည်၊ ချစ်ခင်တတ်သည်၊<br>ပိုက်ဆံအတွက် တာဝန်ရှိသည်၊ နို့တိုက်၍ ရသည်၊<br>ရှက်တတ်သည်၊ များစွာ ငိုသည်၊ ကလေးမွေးနိုင်သည်၊ | သန်မာသည်၊ ရဲရင့်သည်၊ ငွေနှင့်ပတ်သက်၍ ညံ့သည်၊<br>မိန်းမများထက် ပိုဉာဏ်ထက်သည်၊ ယုံကြည်မှုရှိသည်၊<br>ကလေးမမွေးနိုင်၊ |

သင့်စာရင်းနှစ်ခုတွင် သက်ဆိုင်ရာ ဝိသေသလက္ခဏာများ ဖြည့်ပြီးသောအခါ ကျောင်းသားများသည် မိမိတို့၏ စားပွဲတွင် ပြန်ထိုင်ကာ စာရင်းကို ကူးရမည်။ သင်ပုန်းပေါ်ရှိ စာရင်းကို ကြည့်ကာ ဝိသေသလက္ခဏာတစ်ခုကို ရွေးပါ။ ဥပမာ ရဲရင့်သည်။ 'ယောက်ျားအားလုံး ရဲရင့်သလား'ဟု မေးပါ။ သေချာပေါက်နီးပါးပင် ကျောင်းသားများက 'ဟင့်အင်း'ဟု ဖြေကြမည်။ မရဲရင့်သောယောက်ျားများအကြောင်း ဥပမာပင် ပေးကြဦးမည် ဖြစ်သည်။ ဤလုပ်စဉ်အတိုင်း ယောက်ျား၊ မိန်းမ ဝိသေသလက္ခဏာ နှစ်ခုလုံးကို ဆက်မေးမြန်းပါ။

## Sex နှင့် Gender

ယောက်ျားနှင့် မိန်းမကြား ကွဲပြားမှု ပုံစံနှစ်မျိုးရှိကြောင်း ကျောင်းသားများအား ရှင်းပြပါ။ Sex နှင့် Gender တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သင်ပုန်းပေါ်တွင် ရေးပါ။

Sex – ယောက်ျားနှင့် မိန်းမကြား ဇီဝဗေဒဆိုင်ရာ ကွဲပြားမှု။ လူများ ယောက်ျား၊ မိန်းမအဖြစ် မွေးဖွားလာခြင်းကို ရည်ညွှန်းသည်။
Gender – ဇီဝလိင်ပေါ်မူတည်၍ လူများ မည်သို့ ပြုမူလုပ်ဆောင်ရမည်ကို ကျွန်ုပ်တို့ ထင်မြင်ချက်အား ရည်ညွှန်းသည်။

## စဉ်းစားခိုင်းခြင်း

Sex နှင့် Gender တို့နှင့် ပတ်သက်၍ ဥပမာအချို့ကို စဉ်းစားရေးချပါ။ ပြီးခဲ့သည့် လေ့ကျင့်ခန်းမှာ ဝိသေသလက္ခဏာအချို့ကို အသုံးပြုပါ။ ကျောင်းသားများအား အခြားဥပမာများအား စဉ်းစားရန် အားပေးပါ။

Sex **အတွက် ဥပမာ**။ ။ ယောကျ်ားများ ကိုယ်ဝန်ဆောင်၍ မရပါ။ မိန်းမများ ကလေးမွေးနိုင်သည်။ မိန်းမများ ကလေးကို နို့တိုက်နိုင်သည်။ အမျိုးသမီးများ မျိုးဥကို ထုတ်လုပ်သည်။ ယောကျ်ားများ သုတ်ပိုးကို ထုတ်လုပ်သည်။ မိန်းမများတွင် မိန်းမအင်္ဂါရှိသည်။ ယောကျ်ားများတွင် ယောကျ်ားလိင်တံ ရှိသည်။ ယောကျ်ားလေးများ လူပျိုဝင်လျှင် အသံပြောင်းသွားသည်၊ စသဖြင့်။

Gender **အတွက် ဥပမာ**။ အမျိုးသမီးများသည် ကလေးကို စောင့်ရှောက်သင့်သည်။ ယောကျ်ားများသည် ရဲရင့်ရမည်။ အမျိုးသမီးများသည် ရှက်တတ်သည်။ အမျိုးသမီးများသည် မိန်းမအင်္ကျီဝတ်၍ ယောကျ်ားများသည် ဘောင်းဘီရှည်ဝတ်သည်၊ စသဖြင့်။

## အတန်းတွင်းလေ့ကျင့်ခန်း

**အောက်ပါ အဆိုများကို စက္ကူတစ်ရွက်ပေါ်တွင် ရေးပါ။ ကျောင်းသားများက စက္ကူတစ်ရွက်စီ ယူပါ။**

**၁။** အမျိုးသမီးများသည် ကလေးကို နို့တိုက်၍ ရသည်။ ယောကျ်ားများမှာ ကလေးကို နို့တိုက်ရန် နို့ဘူးကို အသုံးပြုရမည်။

**၂။** အမျိုးသမီးများသည် မြေအောက် ကျောက်မီးသွေးတူးခြင်းကဲ့သို့သော အန္တရာယ်ကြီးသည့် အလုပ်မျိုး လုပ်ခွင့်မရှိ။ ယောကျ်ားများ လုပ်ခွင့် ရှိသည်။

**၃။** ကမ္ဘာပေါ်တွင် စာမဖတ်တတ်သူဦးရေ၏ ၃ပုံ ၂ပုံသည် အမျိုးသမီးများ ဖြစ်သည်။

**၄။** ယောကျ်ားလေးများသည် မိန်းကလေးထက် အားကစားတွင် ထူးချွန်သည်။

**၅။** ယောကျ်ားအများစုသည် မိန်းမများထက် မျက်နှာတွင် အမွေးပိုများသည်။

**၆။** အမျိုးသမီးအများစု၏ ဆံပင်သည် ရှည်သည်။ သို့သော် အမျိုးသားအများစု၏ ဆံပင်သည် တိုသည်။

**၇။** အမျိုးသမီးအားလုံးပေါင်းသည် ကမ္ဘာ့အလုပ်၏ ၆၇ ရာခိုင်နှုန်းကို လုပ်နေသော်လည်း ကမ္ဘာ့ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းသာ ရကြသည်။

**၈။** လေယာဉ်မောင်းသမားအများစုမှာ ယောကျ်ားများ ဖြစ်သည်။

အဆိုတစ်ခု ဖတ်ပြီးတိုင်း ကျောင်းသားများ ထိုအဆိုကို စဉ်းစားနိုင်ရန် အချိန်အလုံအလောက် ပေးပါ။ ကျောင်းသား၏ ထင်မြင်မှုအပေါ် မတ်တပ်ရပ်ခြင်း၊ မရပ်ခြင်း လုပ်ခိုင်းပါ။ ကျောင်းသားတစ်ယောက်ချင်း မတ်တပ်ရပ် သို့ မရပ်ရန် ဆုံးဖြတ်ရခြင်း အကြောင်းရင်းကို မေးပါ။ ကျောင်းသားများ စိတ်ပြောင်းသွားလျှင် ထိုင်ချင်ထိုင်၊ ထချင်ထ လုပ်ရန် ခွင့်ပြုပါ။ မည်သည်က မှန်ပြီး မည်သည်က မှားသည်ကို မပြောပါနှင့်။ အဆိုတစ်ခုချင်းစီအကြောင်းကို ကျောင်းသားများ တစ်ယောက်နှင့်တစ်ယောက် ပြောပါစေ။ အဖြေအပေါ် ၄င်းတို့ သဘောတူနိုင် မနိုင် စောင့်ကြည့်ပါ။

အချို့ အဆိုများသည် အခြားအဆိုများထက် ပိုသိသာသည်။ ဥပမာ အမျိုးသမီးများ နို့တိုက်ခြင်းသည် Gender မဟုတ်ဘဲ Sex ဖြစ်ကြောင်းကို ကျောင်းသားအများစု သိကြလိမ့်မည်။ သို့သော် 'ယောကျ်ားလေးများသည် မိန်းကလေးများထက် အားကစားတွင် ပိုထူးချွန်သည်'ဆိုသော အဆိုမျိုးတွင်မူ ကွဲပြားသော အမြင်များ ရှိကြလိမ့်မည်။ ဤအဆိုမျိုးက ယောကျ်ားမိန်းမ အလုပ်နှင့် ယောကျ်ားမိန်းမ ကလေးပြုစုပျိုးထောင်ခြင်းအတွက် အားထုတ်မှုတို့ကို ဖော်ပြသည်။ ဥပမာ ယောကျ်ားများ ဘယ်နှခါလောက် အားကစား ကစားသည်ကို မေးမြန်းကြည့်ပါ။ နေ့တစ်နေ့၏ မည် သည့် အချိန်တွင် ကစားသနည်းဟု မေးပါ။ ဖြစ်နိုင်ခြေရှိသော တုံ့ပြန်မှုမှာ ယောကျ်ားများသည် အားကစား အလွန်လုပ် သည်။ နေ့တိုင်း ကျောင်းသင်ခန်းစာပြီးတိုင်း ကစားခြင်း ဖြစ်နိုင်သည်။ အမျိုးသမီးများကိုလည်း အလားတူမေးခွန်း မေးပါ။

အမျိုးသမီးများက ၄င်းတို့ အားကစား သိပ်မလုပ်ပါ သို့မဟုတ် လုံး၀ မလုပ်ပါဟု ဖြေလိမ့်မည်။ ဤသည်မှာ ယောကျ်ားလေးများ တစ်ခါတရံ မိန်းကလေးများထက် အားကစား ပိုထူးချွန်ရခြင်း၏ အကြောင်းရင်း ဖြစ်နိုင် မဖြစ်နိုင် ကျောင်းသားများအား မေးမြန်းကြည့်ပါ။

## ရုပ်ပိုင်းဆိုင်ရာ ကွာခြားချက်

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကျောင်းသားများအား အုပ်စု နှစ်ခု သို့မဟုတ် လေးခု သို့မဟုတ် ခြောက်ခု ခွဲလိုက်ပါ။ အုပ်စုတစ်ဝက်သည် အမျိုးသမီးပုံ ဆွဲရမည် ဖြစ်ပြီး ကျန်တစ်ဝက်က ယောကျ်ားတစ်ယောက်ပုံ ဆွဲရမည် ဖြစ်သည်။ တစ်ခါတွင် အဖွဲ့တစ်ဖွဲ့မှ တစ်ယောက်သာ ဆွဲခွင့်ရှိသည်။ ဆွဲသောအခါတွင်လည်း ခန္ဓာကိုယ်အစိတ်အပိုင်း (၀တ်စုံအစိတ်အပိုင်း) တစ်ခုသာ ဆွဲခွင့်ရှိသည်။ ကျောင်းသားများ ရုပ်ပုံကို အသေးစိတ် ကျနိုင်သမျှ ကျအောင် ဆွဲရန် အားပေးပါ။ ဤလေ့ကျင့်ခန်းကို တိတ်ဆိတ်စွာ လုပ်ရမည် ဖြစ်သည်။ အဖွဲ့နှစ်ဖွဲ့လုံး ပုံဆွဲပြီးသောအခါ အဖွဲ့များက ဆန့်ကျင့်လိင်ကို ဆွဲထားသော အဖွဲ့နှင့် ပေါင်းရမည်။ အဖွဲ့များက ရုပ်ပုံနှစ်ခု၏ ကွာခြားချက်များကို စာရင်း ပြုစုရမည်။ ကျောင်းသားများ၏ အဖြေကို သင်ပုန်းပေါ်တွင် ရေးပါ။

ကွဲပြားချက် မည်မျှသည် ဇီ၀ဗေ'ကွာခြားချက် (sex) ဖြစ်ကြောင်း ကျောင်းသားများအား မေးမြန်းပါ။ အလွန်နည်းနိုင်သည်။ ယောကျ်ားနှင့် မိန်းမများ အဘယ့်ကြောင့် ကွဲပြားစွာ ၀တ်ဆင်ရသည်၊ ကွဲပြားစွာ ဆံပင်ထားရသည် စသဖြင့် ၄င်းတို့ ရုပ်ပုံထဲမှ ကွာခြားချက်မှန်သမျှအကြောင်းကို ဆွေးနွေးခိုင်းပါ။

### လေ့ကျင့်ခန်းများ

ကျောင်းသားများသည် မေးခွန်းများအတွက် အဖြေတိုများ ရေးရမည်။ အဖြေ မှန်သည် မှားသည်ဟူ၍ မရှိပေ။
ဖြစ်နိုင်ခြေရှိသော အဖြေများ

**၁။ လူအများစုက သူမ လိင်မပြောင်းလဲသရွေ့ သူမကို မိန်းမဟုသာ ထင်ကြသည်။**
**၂။ လူအများအပြားသည် ၄င်းတို့၏ ဇီ၀လိင်နှင့် ကွဲပြားသော gender ဖြစ်လိုကြသည်။ ၄င်းတို့ ဆန့်ကျင်ဘက် gender ဖြစ်ကြောင်း အခြားလူများ လက်ခံလာရန် ငွေကြေး၊ အားအင် များစွာ စိုက်ထုတ်ကြသည်။**
**၃။ ဤအရာလုပ်လျှင် ခွဲစိတ်ရမည်။ ဖြစ်နေကျမှ ယောကျ်ားမှ မိန်းမသို့ ပြောင်းခြင်း ဖြစ်သည်။**
**၄။ အများအားဖြင့် လူ့အဖွဲ့အစည်းကသာ ဆုံးဖြတ်သည်။ အချို့က ၄င်းတို့၏ gender ကို ၄င်းတို့ဘာသာ ဆုံးဖြတ်ရန် အခွင့်အရေး ရှိသည်ဟု ယူဆကြသည်။**

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကာတွန်းကို ဆွေးနွေးပါ။ အဓိကအချက်မှာ မိန်းမများသည် ယောကျ်ားများလောက် မသန်မာဟု အထင်ခံရသောကြောင့် ဝင်ငွေများသောအလုပ် မရကြပေ။ သို့ရာတွင် ကလေးများအား စောင့်ရှောက်ခြင်းမှာ ရုပ်ပိုင်းဆိုင်ရာ အားအင် အများကြီး လိုအပ်သည်။ ကျောင်းသားများ၏ အသိုင်းအဝိုင်းတွင် ထိုသို့ကိစ္စရပ်များ ရှိ မရှိ မေးမြန်းကြည့်ပါ။

**ယောက်ျားမိန်းမ တရားမမျှတမှု**

**ဆွေးနွေးချက်**

စာပိုဒ်ကို ဖတ်ပြီး ယောက်ျားမိန်းမ တရားမမျှတမှု၏ အဓိပ္ပာယ်ကို မည်သို့ထင်ကြောင်း ကျောင်းသားများအား မေးမြန်းကြည့်ပါ။
ကျောင်းသားများ၏ အသိုင်းအဝိုင်းရှိ ယောက်ျားမိန်းမ တရားမမျှတခြင်းအကြောင်း လွတ်လပ်စွာ ဆွေးနွေးပါစေ။

**သင်ခန်းစာပြန်လည်လေ့လာခြင်း**

အောက်ပါမေးခွန်းများကို ဖြေပါ။
**၁။ ကျောင်းသားအချို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖတ်ခိုင်းပြီး အတန်းက သဘောတူခြင်း ရှိ မရှိ မေးမြန်းပါ။**
**၂။ ကျောင်းသားများအား ၄င်းတို့၏ ဥပမာအချို့ကို ဖတ်ခိုင်းပြီး အတန်းအား ၄င်းတို့လည်း ထိုကဲ့သို့ ကြားမိ မကြားမိ မေးမြန်းပါ။**
**၃။ ကျောင်းသားအချို့အား ၄င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖတ်ခိုင်းပြီး အတန်းက သဘောတူ မတူ မေးမြန်းပါ။**

## ၂။ အလုပ်နှင့် ယောက်ျားမိန်းမ

**ယောက်ျားနှင့် မိန်းမတို့၏ အလုပ်**

**စဉ်းစားခိုင်းခြင်း**

ကျောင်းသားများသည် ၄င်းတို့၏ အသိုင်းအဝိုင်းတွင် အမျိုးသမီးများနှင့် အမျိုးသားများ ပုံမှန် လုပ်လေ့ရှိသော အလုပ်အမျိုးအစားများကို တစ်ယောက်ချင်းစီ စာရင်းပြုစုရမည် ဖြစ်သည်။ ကလေးထိန်းကျောင်းခြင်းနှင့် အိမ်အလုပ်များကဲ့သို့ ပိုက်ဆံမရသော အလုပ်များကိုပါ ထည့်သွင်းရန် ကျောင်းသားများအား အားပေးအားမြှောက် ပြုပါ။ ၅ မိနစ် ၁၀ မိနစ်အချိန်ယူ၍ ကျောင်းသားများ၏ အကြံဉာဏ်ကို မေးမြန်းကာ သင်ပုန်းပေါ်တွင် အတန်းတွင်း စာရင်းကို ခြုံငုံရေးချပါ။ နောက်သင်ခန်းစာတစ်ခု သင်နေချိန်တွင် ထိုစာရင်းကို မဖျက်ထားပါနှင့်။

**အုပ်စုလိုက်လုပ်ဆောင်ခြင်း**

ကျောင်းများအား နာရီတစ်လုံးပုံ ဆွဲပြီး ၄င်းတို့မိခင်၏ တစ်နေ့တာအလုပ် (မနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန်အထိ)များကို ထိုနာရီထဲ ဖြည့်ထည့်ခြင်း အားဖြင့် ပုံဖော်ခိုင်းပါ။ ကျောင်းသားများသည် မိခင်များ တစ်နေ့တာ ပြီးစီးရသော အိမ်အလုပ်၊ ပိုက်ဆံရသောအလုပ်၊ ပိုက်ဆံမရသောအလုပ်၊ အားလပ်ချိန် အပန်းဖြေသော အလုပ် စသည့် အလုပ်အားလုံးကို ဖြည့်စွက်ရမည် ဖြစ်သည်။

ထို့နောက် ဖခင်၏ တစ်နေ့တာအလုပ်ကိုလည်း ထိုအတိုင်းပုံဖော်ပါ။

ကျောင်းသားတစ်ယောက်ဆီသည် အတန်းရှေ့တွင် ၄င်းတို့၏နာရီအကြောင်းရှင်းလင်းပါစေ။ အတန်းကြီးသည်ဆိုလျှင် ကျောင်းသားများသည် အဖွဲ့ငယ်လေးများအတွင်း ၄င်းတို့ နာရီများအကြောင်း ဝေမျှနိုင်သည်။ တစ်ဦးနှင့်တစ်ဦး ဝေမျှပြီးလျှင် ထိုအချက်အလက်များထဲမှ မည်သည့် ကောက်ချက် ချနိုင်သည်ကို ပြောခိုင်းပါ။

ဖြစ်နိုင်ခြေရှိသော ကောက်ချက်မှာ မိခင်များသည် အိမ်အလုပ်များ၊ ကလေးနှင့် ယောက်ျားကို စောင့်ရှောက်ခြင်း၊ မိမိတို့အလုပ်ကို လုပ်ခြင်း စသည်တို့အတွက် တာဝန်ရှိသည်။ ထိုကောက်ချက်မှာ ဖခင်များအပေါ် ထားသော ကောက်–

ချက်နှင့် ကွဲလွဲပေလိမ့်မည်။ ဖခင်များသည် အိမ်ပြင်ပတွင် မိမိတို့အလုပ်ကို လုပ်ခြင်း၊ အားလပ်ချိန် ကုန်ဆုံးစေခြင်းတို့ကိုသာ လုပ်သည်။ သို့သော် ဤအချက်မှာ အမြဲမမှန်ပါ။ ထို့ကြောင့် ကျောင်းသားများ မိမိတို့၏ မိဘများ၏အလုပ်အပေါ် မြင်သောအမြင်သဘောထားကို ပွင့်လင်းစွာ ပြောခိုင်းပါ။

ဤလေ့ကျင့်ခန်းအတွက် အခြားနည်းလမ်းတစ်ခုမှာ ကျောင်းသားများ မိမိတို့မိဘများအကြောင်း မလုပ်ဘဲ မိမိတို့အကြောင်း မိမိတို့ လုပ်ခြင်း ဖြစ်သည်။ အတန်းရှိ ကျောင်းသားအချို့တွင် ကလေးရှိပါက ဤနည်းမှာ ပို၍ကောင်းသည်။ ငယ်ရွယ်သောကျောင်းသားများကို သင်နေရသည်ဆိုပါက ၎င်းတို့၏ မိဘများအကြောင်းကိုသာ ဥပမာအဖြစ် ပေးခိုင်းပါ။

## အတန်းတွင်းလေ့ကျင့်ခန်း

'အလုပ်'ဆိုသော စကားလုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဥပမာများကို ပေးခိုင်းပါ။ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဥပမာများကို သင်ပုန်းပေါ်တွင် ရေးပါ။ ကျောင်းသားများအားလုံး သဘောတူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ရသည်အထိ ဆွေးနွေးခိုင်းပါ။

## လေ့ကျင့်ခန်းများ

ကျောင်းသားများသည် ပြီးခဲ့သည့် လေ့ကျင့်ခန်းမှ အလုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးချရမည် ဖြစ်သည်။ ကျောင်းသားများ တစ်ဦးချင်း မိမိတို့ နာရီကို ကြည့်၍ လုပ်ဆောင်မှုတစ်ခုချင်းသည် 'အလုပ်'ဟုတ် မဟုတ် ဆုံးဖြတ်ခိုင်းပါ။
လုပ်ခင်းဆောင်တာ တစ်ခုစီ၏ ဘေးတွင်
အဖွဲ့လိုက်ဆုံးဖြတ်ထားသည့် အလုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီလျှင် အပေါင်းလက္ခဏာ (+)
အလုပ်မဟုတ်လျှင် အနုတ်လက္ခဏာ (–)
မသေချာဘူးဆိုလျှင် မေးခွန်းလက္ခဏာ (?)
ပိုက်ဆံရသည့် လုပ်ခင်းဆောင်တာများကို စက်ဝိုင်းဝိုင်းပါ။

ထိုအချက်အလက်များကို အသုံးချ၍ နောက်ထပ်မေးခွန်းသုံးခုကို ခန့်မှန်းဖြေဆိုရမည်။

**ဥပမာ**

**၁။ လုပ်ခင်းဆောင်တာ ၁၂ ခုရှိပြီး ၆ ခုမှာ အလုပ်ဖြစ်သည်ဆိုလျှင် ၆ / ၁၂ x ၁၀၀=၅၀ ရာခိုင်နှုန်း**
**၂။ လုပ်ခင်းဆောင်တာ ၆ ခုရှိသည့်အနက် ၄ ခုမှာ ပိုက်ဆံရသောအလုပ်ဆိုလျှင် ၄ / ၆ x ၁၀၀= ၆၇ ရာခိုင်နှုန်း**
**၃။ ပိုက်ဆံမရသောအလုပ်များကို တစ်ပါးသူအား လုပ်ခိုင်းလျှင် ကုန်ကျမည့် ကုန်ကျစရိတ် (ဥပမာ အိမ်သန့်ရှင်းရေး လုပ်ရန် အခြားသူအား ပေးရသော အခကြေးငွေ) တို့ကို ခန့်မှန်းပြီး စုစုပေါင်းကုန်ကျစရိတ်ကို ရှာကြည့်ပါ။**

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကျောင်းသားများသည် ပြီးခဲ့သည့်မေးခွန်းများအကြောင်း ယောကျ်ားမိန်းမရောနေသော အဖွဲ့ငယ်လေးများတွင်လည်းကောင်း ၊ သို့မဟုတ် စာသင်ခန်းတစ်ခုလုံး ခြုံငုံ၍သော်လည်းကောင်း မိမိတို့၏ အဖြေများကို မျှဝေပါ။
ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်ရှိ ဒုတိယမေးခွန်းအစုံအကြောင်း စဉ်းစားခိုင်းပါ။ မေးခွန်းတစ်ခုစီကို အဖွဲ့အတွင်း ဆွေးနွေးခိုင်းပါ။

## အကြောင်းအရာလေ့လာခြင်း

## ဆွေးနွေးချက်

**ကျောင်းသားများ အကြောင်းအရာလေ့လာခြင်းကို ဖတ်ရမည်ဖြစ်ပြီး မေးခွန်းများကို အတန်းတွင်း ဆွေးနွေးရမည်။**

## အမျိုးသမီးများ၏ အလုပ်ကို ကြည့်ခြင်း

**ဆွေးနွေးချက်**

အလုပ်နှင့်ပတ်သက်သည့် မေးခွန်းများကို စာသင်ခန်းအလိုက် ဆွေးနွေးပါ။

**အုပ်စုလိုက်လုပ်ဆောင်ခြင်း**

ကျောင်းသားများသည် အဖွဲ့လိုက် မေးခွန်းများကို ဆွေးနွေးရမည်။ ၄င်းတို့ အဖြေနှင့် ဥပမာများ အဆင်သင့် ရပြီးသောအခါ အဖွဲ့တစ်ဖွဲ့စီ (သို့မဟုတ် အဖွဲ့အချို့)အား စာသင်ခန်းအတွင်း တင်ပြခိုင်းပါ။

**ဆွေးနွေးချက်**

ဤမေးခွန်းများကို စာသင်ခန်းအလိုက် ဆွေးနွေးပါ။

**ဆွေးနွေးချက်**

ကျောင်းသားများ၏ အသိုင်းအဝိုင်းအတွင်းရှိ အမျိုးသမီးအခွင့်အရေးအကြောင်း စာသင်ခန်းအလိုက် ဆွေးနွေးပါ။ နောက်ဆုံးစာပိုဒ်တွင် ဖော်ပြထားသော အခြေအနေနှင့် ဆွေးနွေးထားသည်များကို မည်သို့ နှိုင်းယှဉ်မည်နည်း။

နှစ်သက်မည်ဆိုလျှင် တရားဝင် ဥပဒေစည်းကမ်းများ၊ လူမှုရေးဓလေ့များကို ကြည့်ပါ။ ဥပမာ အမျိုးသမီးများ ဘဏ်မှ ပိုက်ဆံချေးခြင်းသည် တရားမဝင် ဖြစ်ချင်မှ ဖြစ်မည်။ သို့သော် ဘဏ်မန်နေဂျာအများအပြားက အမျိုးသမီး၏ ခင်ပွန်း သို့မဟုတ် ဖခင်ကို ဦးစွာ စကားပြောဆိုချင်လိမ့်မည်။ အမျိုးသမီးများ ခရီးသွားလာခြင်းသည် တရားမဝင် မဟုတ်။ သို့သော် အမျိုးသမီးများ ညဘက်တွင် သူငယ်ချင်းများနှင့် ဆုံတွေ့ရန် အပြင်ထွက်လိုပါက မိဘအများအပြား၊ ခင်ပွန်းသည်အများအပြားက ခွင့်ပြုမည်မဟုတ်။

**အုပ်စုလိုက်လုပ်ဆောင်ခြင်း**

၁။ ကျောင်းသားများ အလုပ်အကိုင်စာရင်းကို ကြည့်ပြီး ၄င်းတို့ အသိုင်းအဝိုင်းရှိ ယောကျ်ား၊ မိန်းမများ လုပ် သော အလုပ်အကိုင်များအကြောင်း စဉ်းစားခိုင်းပါ။ ယောကျ်ားအများစုလုပ်သော အလုပ်ဘေးတွင် M ဟုလည်းကောင်း၊ မိန်းမအများစုလုပ်သော အလုပ်ကို F ဟုလည်းကောင်း ရေးမှတ်ခိုင်းပါ။ အချို့အလုပ်များဘေးတွင် M ကော F ပါ ရှိနိုင်သည်။

၂။ ကျောင်းသားများသည် လေ့ကျင့်ခန်းစာအုပ်အတွင်းမှ အချက်အလက်များစာရင်းကို ဖတ်ရမည်။

၃။ ၄င်းတို့ အသိုင်းအဝိုင်းတွင် ယောကျ်ားများလုပ်သော အလုပ်ကို အဘယ့်ကြောင်း အမျိုးသမီးများ လုပ်နေရသည်ကို စာသင်ခန်းအလိုက် ဆွေးနွေးပါ။ ၄င်းတို့အသိုင်းအဝိုင်းတွင် အမျိုးသမီးများလုပ်သော အလုပ်ကို အဘယ့်ကြောင့် အမျိုးသား များလုပ်နေရသည်ကို မေးမြန်းကြည့်ပါ။

## အတန်းတွင်းလေ့ကျင့်ခန်း

ကျောင်းသားများသည် လေ့ကျင့်ခန်းစာအုပ်ရှိ သက်ဆိုင်ရာအမျိုးအစားများအောက်တွင် တစ်ဦးချင်းစီ စာရင်းပြုစုရမည်ဖြစ ် သည်။

**မှတ်ချက်။ ။ အမျိုးသားနှင့် အမျိုးသမီးတို့ သက်သက်စီ စာရင်းလုပ်ရမည် ဖြစ်သည်။**

အမျိုးသမီးများသည့် အောက်ပါအချက်များကိုသာ တုံ့ပြန်ရမည် ဖြစ်သည်။

**၁။ အမျိုးသမီးအလုပ်အဖြစ် သတ်မှတ်ခံထားရသည့် ကျွန်မလုပ်သော၊ ကျွန်မကြိုက်သော အလုပ်များ**

**၂။ အမျိုးသမီးအလုပ်အဖြစ် သတ်မှတ်ခံထားရကာ ကျွန်မ လုပ်နေရသော်လည်း ကျွန်မမကြိုက်သည့် အလုပ်များ**

**၃။ ကျွန်မလုပ်သော အမျိုးသားအလုပ်အဖြစ် သတ်မှတ်ထားသည့် အလုပ်များ**

**၄။ အမျိုးသားအလုပ် အဖြစ် သတ်မှတ်ထားသည့် ကျွန်မကြိုက်သော်လည်း မလုပ်သည့် အလုပ်များ**

အမျိုးသားများသည် အောက်ပါအချက်များကိုသာ တုံ့ပြန်ရမည် ဖြစ်သည်။

**၁။ အမျိုးသားအလုပ်အဖြစ် သတ်မှတ်ခံထားရသည့် ကျွန်တော်လုပ်သော၊ ကျွန်တော်ကြိုက်သော အလုပ်များ**

**၂။ အမျိုးသားအလုပ်အဖြစ် သတ်မှတ်ခံထားရကာ ကျွန်တော် လုပ်နေရသော်လည်း ကျွန်တော်မကြိုက်သည့် အလုပ်များ**

**၃။ ကျွန်တော်လုပ်သော အမျိုးသမီးအလုပ်အဖြစ် သတ်မှတ်ထားသည့် အလုပ်များ**

**၄။ အမျိုးသမီးအလုပ် အဖြစ် သတ်မှတ်ထားသည့် ကျွန်တော်ကြိုက်သော်လည်း မလုပ်သည့် အလုပ်များ**

ကျောင်းသားများ ပြီးသွားလျှင် သင်ပုန်းအလယ်တည့်တည့်တွင် မျဉ်းတစ်ကြောင်း ဆွဲချခြင်းဖြင့် နှစ်ပိုင်း ပိုင်းပါ။ တစ်ပိုင်းတွင် အမျိုးသမီးများက ၄င်းတို့၏ တုံ့ပြန်မှုကို ရေးသားရမည် ဖြစ်ပြီး ကျန်တစ်ပိုင်းတွင် အမျိုးသားများက ၄င်းတို့၏ တုံ့ပြန်မှုကို ရေးသားရမည်။ ၄င်းတို့၏ တုံ့ပြန်မှုများကို ခေါင်းစဉ်လေးခုအောက် စီရီပါ။ ခေါင်းစဉ်တစ်ခုအောက်တွင် ကျောင်းသားတစ်ယောက်စီ၏ အဖြေကို ရေးခိုင်းပါ။ အခြားအတန်းဖော်များ၏ အဖြေနှင့် မထပ်သည့် အဖြေများကိုသာ ရေးခိုင်းပါ။

ခေါင်းစဉ်တစ်ခုစီအတွက် တုံ့ပြန်မှုများ ရေးပြီးသွားပါက စာရင်းကို အတူတကွ ဖတ်ကြည့်ပါ။ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

- **ထိုစာရင်းများကို ကြည့်ခြင်းအားဖြင့် ယောကျ်ား၊ မိန်းမတို့၏ အခန်းကဏ္ဍများနှင့် ပတ်သက်၍ မည် သည့် ယဘုယျသတ်မှတ်ချက် ချနိုင်သနည်း။**
- **အမျိုးသားများနှင့် အမျိုးသမီးတို့၏ အလုပ်အများစုသည် ပိုက်ဆံရသော အလုပ် ဖြစ်ပါသလား။**
- **အမျိုးသမီးများ၏ အလုပ်မှ မည်သူက အကျိုးအမြတ်ရပြီး အမျိုးသားတို့၏ အလုပ်မှ မည်သူ အကျိုးဖြစ်ထွန်းသနည်း။**

အမျိုးသမီးတို့၏ အလုပ်မှ မိသားစုများ တိုက်ရိုက် အကျိုးဖြစ်ထွန်းသည်။ ဥပမာ ချက်ပြုတ်ခြင်း၊ လျှော်ဖွတ်ခြင်း၊ ကလေးထိန်းခြင်း။ အမျိုးသားများ၏ အလုပ်သည် မိသားစုအား ဝင်ငွေရစေခြင်းဖြင့် သွယ်ဝိုက်၍ အကျိုးဖြစ်ထွန်းစေသည်။ သို့သော် များသောအားဖြင့် 'ယောကျ်ားများ၏ အလုပ်'သည် မိသားစု စိတ်ချမ်းသာ ကိုယ်ကျန်းမာခြင်းအတွက် တိုက်ရိုက် အကျိုးမပြုပါ။

စာရင်းတစ်ခုချင်းစီ၏ ဒုတိယနှင့် နောက်ဆုံး မေးခွန်းများကို ပြန်ကြည့်ပါ။ 'အမျိုးသမီးအလုပ်'အဖြစ် သတ်မှတ်ထားပြီး အမျိုးသမီးများ လုပ်နေရကာ မကြိုက်သောအလုပ်များ၊ တစ်ဖက်တွင်လည်း အမျိုးသားများ လုပ်ချင်သောအလုပ် စသည်တို့ကို အပြန်အလှန် ထောက်ပြပါ။

ထိုကဲ့သို့ အချက်များ ထွက်လာပါက (ဥပမာ ယောကျ်ားအများအပြားသည် ချက်ပြုတ်ရသည်ကို နှစ်သက် သော်လည်း အမျိုးသမီးအများအပြားမှာ မကြိုက်နှစ်သက်ကြပေ) 'ယောကျ်ားနဲ့ မိန်းမတွေဟာ 'ဒါယောကျ်ားလုပ်ရမယ့်အလုပ်၊ 'ဒါမိန်းမလုပ်ရမဲ့အလုပ် လို့ သတ်မှတ်ထားတဲ့ အလုပ်တွေကို လုပ်ရမလား။ 'မှမဟုတ် လူတိုင်းလူတိုင်း ကိုယ်ကြိုက်တဲ့အလုပ်ကို ကိုယ်လုပ်ရင်းနဲ့ အခြားသူမကြိုက်တဲ့အလုပ်ကို ဝေမျှပေးရမလား။' ဟု ကျောင်းသားများအား မေးမြန်းပါ။

## ဆွေးနွေးချက်

မေးခွန်းများအား စာသင်ခန်းအလိုက် ဆွေးနွေးပါ။

## အကြောင်းအရာလေ့လာခြင်း

## လေ့ကျင့်ခန်းများ

**အဖြေများ**

**၁။** ယောကျ်ားအများစု အဝေးကို ရောက်နေပြီး စက်ရုံတွင် အလုပ်သမား အလုံအလောက် မရှိသောကြောင့် ငြိမ်းချမ်း စက်ရုံတွင် အလုပ်ဝင်ခဲ့သည်။

**၂။** မဟုတ်ပါ။ ငြိမ်းချမ်းသည် အလုပ်သမားကောင်းတစ်ယောက်ဖြစ်ပြီး ထိုအရည်အချင်းအတွက် ဂုဏ်ပြုခြင်း ခံရသည်။

**၃။** ယောကျ်ားများ ပြန်လာသောအခါ ငြိမ်းချမ်းလုပ်နေသောအလုပ်အား ယောကျ်ားများ လုပ်ရမည့်အလုပ်ဟုဆိုကာ ငြိမ်းချမ်းအား အလုပ်ထွက်ခိုင်းသည်။

**၄။** မဟုတ်ပါ။ ငြိမ်းချမ်းသည် အလုပ်မှ ချက်ချင်း မထွက်ပါ။ သူမ အလုပ်မထွက်ချင်သောကြောင့် ဆန္ဒပြသည်။ သို့သော် နောက်ဆုံးတွင် သူမ အလုပ်ထွက်လိုက်ရသည်။

**၅။** ငြိမ်းချမ်း၏ အလုပ်အသစ်မှာ ဝန်ထမ်းမဟုတ်သောအလုပ် ဖြစ်သည်။ ဈေးထဲတွင် မုန့်ပဲသရေစာ ရောင်းရသည်။ သူမ စတီးစက်ရုံတွင် လုပ်၍ ရသောလစာ၏ လေးပုံတစ်ပုံထက် လျော့နည်းသောလစာကို ရခြင်း၊ အလုပ်တွင် စိန်ခေါ်မှုများ သိပ်မရှိခြင်းတို့ကြောင့် ငြိမ်းချမ်းသည် အလုပ်သစ်တွင် မပျော်ရွှင်နိုင်ပေ။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကျောင်းသားများအား အုပ်စုငယ်လေးများ ဖွဲ့ပါ။ အဖွဲ့တစ်ဖွဲ့စီသည် က=တစ်ခုစီတွင် သရုပ်ဆောင်ရမည်။ ငြိမ်းချမ်း၏ ခင်ပွန်း၊ ငြိမ်းချမ်းနှင့် လုပ်ဖော်ကိုင်ဖက် အမျိုးသမီးများ၊ သူမနှင့် လုပ်ဖော်ကိုင်ဖက် အမျိုးသားများ၊ ငြိမ်းချမ်းအသိုင်းအဝိုင်း၊ ငြိမ်းချမ်း၏ သူဌေး တို့ ဖြစ်သည်။ သင့်အဖွဲ့က ကျရာအခန်းကဏ္ဍတွင် ငြိမ်းချမ်း အလုပ်ထွက်သွားနိုင်သည့် အကြောင်းပြချက်များကို စုစည်းရေးသားရမည် ဖြစ်သည်။

### ကဏ္ဍတစ်ခုစီအတွက် ဖြစ်နိုင်ခြေ စကားများမှာ

**သူမ၏ ခင်ပွန်း။** ။ "အလုပ်လုပ်တဲ့မိန်းမတစ်ယောက် ရတာ ငါ သိပ်ရှက်တာပဲ။ အထူးသဖြင့် ငါ့ထက် ဝင်ငွေပိုရတဲ့ မိန်းမကိုပေါ့။ နောက်တစ်ခုက မင်း အိမ်မှာ ကလေးတွေကို စောင့်ရှောက်ရဦးမယ်"

**သူမ၏ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးများ။** ။ "ယောကျ်ားတွေ အဝေးရောက်နေတုန်း ငါတို့က သူတို့အစား ဝင်ပေးတာပါ။ ယောကျ်ားတွေကို လူလေးစားဖို့ ယောကျ်ားတွေမှာ အလုပ်ရှိဖို့ လိုတယ်။ မိန်းမတွေက ယောကျ်ားတွေ အလုပ်မရအောင် လုပ်တာတော့ မမှန်ဘူးထင်တယ်။ သူတို့မှာ ထောက်ပံ့ရမယ့် မိသားစု ရှိသေးတယ်လေ"

**သူမ၏ လုပ်ဖော်ကိုင်ဖက် ယောကျ်ားများ**။ ။ "ပုံမှန်ကတော့ ယောကျ်ားတွေက မိန်းမတွေရဲ့ အမိန့်ကို မနာခံချင်ဘူး။ စက်ရုံအလုပ်ဆိုတာ အဖွဲ့နဲ့လုပ်ရတဲ့ အပိုင်းတွေ ရှိတယ်။ မိန်းမတွေနဲ့ မဆိုင်ပါဘူး။"

**သူမ၏ အသိုင်းအဝိုင်း**။ ။ "ယောကျ်ားတွေ အဝေးရောက်နေချိန် ပြောင်းလဲမှု အများကြီး ဖြစ်သွားတာ မှန်တယ်။ လေးလံတဲ့ စက်ရုံအလုပ်ဆိုတာ ယောကျ်ားတွေရဲ့ အလုပ်ပဲ။ သူတို့တွေ အလုပ်ရှိဖို့ လိုတယ်။ တို့တွေရဲ့ ယောကျ်ားသားတွေကို တို့ အထောက်အပံ့ ပြုကြပါစို့လား"

**စတီးစက်ရုံမှ သူမ၏ သူဌေး**။ ။ "လေးလံတဲ့စက်တွေ မောင်းနှင်ရတာ ခက်တယ်၊ အန္တရာယ်ကြီးတယ်။ အမျိုးသမီးရဲ့အလုပ် မဟုတ်ပါဘူး။ မင်းသားသမီးတွေမှာ မိခင်လိုအပ်နေတယ်။ အလုပ်ထဲမှာ မိန်းမတွေရှိနေရင် ယောကျ်ားတွေ အာရုံနောက်တယ်။"

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

အဖွဲ့တစ်ဖွဲ့စီမှ တစ်ယောက်ထွက်ကာ ငြိမ်းချမ်းအဖြစ် သရုပ်ဆောင်ရမည် ဖြစ်ပြီး ကျန်လူများက သူမ အဘယ့်ကြောင့် အလုပ်ထွက်သင့်သည်ကို ငြင်းခုံပြောဆိုရမည် ဖြစ်သည်။ ငြိမ်းချမ်းအဖြစ် သရုပ်ဆောင်သူက စတီးစက်ရုံတွင် အလုပ်လုပ်ရန် သူမတွင် အခွင့်အရေးရှိကြောင်း ခုခံ ပြောဆိုရမည်။

## ဆွေးနွေးချက်

မေးခွန်းများကို စာသင်ခန်းအလိုက် ဆွေးနွေးပါ။

# စီဒေါ်

## ဆွေးနွေးချက်

စီဒေါ်သဘောတူညီချက်တွင် ပါဝင်သော အမျိုးသမီးနှင့် အခွင့်အရေးများအကြောင်း ဆွေးနွေးပါ။ အမျိုးသမီးများ ထိုအခွင့်အရေးများ ရသင့်သည်ဆိုသည်ကို ကျောင်းသားများ သဘောတူပါသလား။ သဘောမတူလျှင် အဘယ့်ကြောင့်နည်း။ အမျိုးသမီးများ ထိုအခွင့်အရေးရရန် လူ့အဖွဲ့အစည်းတွင် မည်သည့် အပြောင်းအလဲများ လုပ်သင့်သည်ကို ဆွေးနွေးပါ။

## စီဒေါ် ပြန်လှန်လေ့ကျင့်ခန်း

**၁။** မဟုတ်ပါ။ အမျိုးသမီးများ အလုပ်ပိုနည်းနည်းလုပ်၍ ဝင်ငွေလျော့ ရရှိခြင်း မဟုတ်ပါ။ အမျိုးသမီးများ ဝင်ငွေနည်းရခြင်း အကြောင်းရင်းအချို့မှာ

–အမျိုးသမီးများ ကျွမ်းကျင်အောင် လေ့ကျင့်ခံခဲ့ရသည့်အလုပ်များ (ချက်ပြုတ်ခြင်း၊ စက်ချုပ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း စသည်) မှာ ယောကျ်ားများ ကျွမ်းကျင်အောင် လေ့ကျင့်ခံခဲ့ရသည့်အလုပ်များ (ဆောက်လုပ်ရေး၊ ကျောက်မီးသွေးတူးခြင်း၊ လေးလံသော စက်များနှင့် လုပ်ခြင်း စသည်)တို့လောက် ဝင်ငွေမရပေ။

–အမျိုးသမီးများသည် အမျိုးသားများလောက် ပညာကောင်းကောင်း မသင်ကြားကြရပေ။ ထို့ကြောင့် ၄င်းတို့သည် ကျွမ်းကျင်မှုပိုလိုသော၊ ဝင်ငွေပိုကောင်းသော အလုပ်များ မရကြပေ။

–အမျိုးသားများနှင့် တန်းတူ ပညာအရည်အချင်း ရှိလျှင်တောင်မှ အမျိုးသမီးများသည် ပိုနည်းသော ဝင်ငွေသာ ရသည်။ အဘယ့်ကြောင့်ဆိုသော် ယောကျ်ားများကို မိသားစုအား ထောက်ပံ့နေရသည့် အိမ်ထောင်ဦးစီးအဖြစ် ရှုမြင်သောကြောင့် ဖြစ်သည်။

–အမျိုးသမီးအနည်းငယ်ကသာ ဝင်ငွေပိုကောင်းအောင် အကူအညီပေးနိုင်သည့် ကုန်သွယ်ရေးအဖွဲ့အစည်းနှင့် အခြား အဖွဲ့အစည်းများတွင် ပါဝင်ကြသည်။

–အမျိုးသမီးများ အလုပ်ခွင်တွင် တော်ကြသော်လည်း ယောကျ်ားများကသာ အမျိုးသမီးများကို ကျော်၍ ရာထူးတိုးပေးခြင်းခံရသည်။
–အမျိုးသမီးအချို့တွင် ကိုယ့်ကိုယ်ကို ယုံကြည်မှု များစွာမရှိပေ။ အလုပ်တစ်ခုကို ၄င်းတို့ ပိုင်နိုင်ပါသော်လည်း ၄င်းတို့ လုံလောက်စွာ မတော်မည်ကို စိုးသောကြောင့်လည်းကောင်း၊ ကုမ္ပဏီက ယောကျ်ားများကိုသာ ဦးစားပေးသည်ကို သိသောကြောင့်လည်းကောင်း မလျှောက်ကြပေ။ အချို့အမျိုးသမီးများ အဘယ့်ကြောင့် ကိုယ့်ကိုယ်ကို ယုံကြည်မှု အားနည်းနေသည်ဟု သင်ထင်သနည်း။

**၂။** ပုံမှန်လစာရသည်။ အသိုင်းအဝိုင်း၊ စီးပွားရေးပိုင်ဆိုင်သူနှင့် အစိုးရတို့က တရားဝင် အသိအမှတ် ပြုသည်။ ဥပမာအချို့မှာ ဆရာ၊ ဆေးရုံလုပ်သား၊ ကုမ္ပဏီ အတွင်းရေးမှူး၊ စစ်သား စသည်။
**၃။** လစာ အပြောင်းအလဲရှိသည်။ အလုပ်မှာ ပုံမှန်မဟုတ်။ ဥပမာအချို့မှာ ဈေးတွင် မုန့်ပဲသရေစာရောင်းခြင်း၊ အိမ်တွင်းအလုပ်သမား၊ လိင်လုပ်သား၊ အဝတ်လျှော်ခြင်း စသည်။
**၄။** အကြောင်းပြချက်များတွင် ပါဝင်နိုင်သည်များမှာ အမျိုးသမီးများသည် မိသားစုကို စောင့်ရှောက်ရမည့် တာဝန် ပေးအပ်ခြင်း ခံထားရသောကြောင့် ယောကျ်ားများမှာ ပို၍ညှိနှိုင်းရလွယ်သည်ဟု ရှုမြင်ခြင်း ခံရသည်။ အချို့အလုပ်တွင် လိုအပ်သည့် ခရီး ရှည်သွားခြင်းမျိုးသည် အမျိုးသမီးများနှင့် မသင့်တော်ဟု သတ်မှတ်ထားသည်။ အမျိုးသမီးများ၏ နေရာသည် အိမ်တွင်း၌ပင် ဖြစ်သည်။ မိသားစုအား ငွေကြေးထောက်ပံ့ပေးရမည်မှာ ယောကျ်ားများ၏ တာဝန်ဖြစ်သောကြောင့် ယောကျ်ားများ အလုပ် ပိုလိုအပ်သည်။ အလုပ်ခွင်ထဲတွင် အမျိုးသမီးများကြောင့် ယောကျ်ားအလုပ်သမားများ အလုပ်တွင် အာရုံစူးစိုက်၍မရ။ စသည်။
**၅။** ကျောင်းသားများအား ၄င်းတို့၏ အဖြေကို အတန်းတွင်း ဝေမျှခိုင်းပါ။

## ၃။ ယောကျ်ားမိန်းမ၊ မိသားစုနှင့် အသိုင်းအဝိုင်း

### စဉ်းစားခိုင်းခြင်း

သင်ပုန်းပေါ်တွင် ယောကျ်ားကောင်း၊ မိန်းမကောင်းဟူ၍ ခေါင်းစဉ်နှစ်ခု ရေးပါ။ ကျောင်းသားတို့၏ အသိုင်းအဝိုင်း နှစ်သက်သော ယောကျ်ား၊ မိန်းမတို့၏ ဝိသေသလက္ခဏာရပ်များကို ဦးနှောက်သွေး ရေးချပါ။

### လေ့ကျင့်ခန်းများ

ကျောင်းသားများ ဝေါဟာရစာရင်းကို ကြည့်၍ ၄င်းတို့ များသောအားဖြင့် မည်သည့်စကားလုံးကို ယောကျ်ား သို့မဟုတ် မိန်းမ သို့မဟုတ် နှစ်ဦးစလုံးကို ကိုယ်စားပြု ဖော်ပြလေ့ရှိကြောင်း ဆုံးဖြတ်ခိုင်းပါ။

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

ဖြစ်နိုင်လျှင် ကျောင်းသားများအား ယောကျ်ား၊ မိန်းမ သီးသန့်စီ ခွဲ၍ လေ့ကျင့်ခိုင်းပါ။ ကျောင်းသားများ ကလေးဘဝတွင် မည်သည့်အရုပ်များ၊ မည်သည့်ကစားနည်းများ ကစားသည်ကို ဆွေးနွေးပါ။ ကျောင်းသားများ အသက် ၂ နှစ်၊ ၅ နှစ်၊ ၈ နှစ်၊ ၁၁ နှစ်၊ ၁၄ နှစ် အရွယ်တုန်းက အကြောင်းအား စဉ်းစားခိုင်း၍ မည်သည့်ကစားနည်းများကို အဓိက ကစားခဲ့ကြောင်း စာရင်းပြုစုခိုင်းပါ။
**အဖွဲ့များက ၄င်းတို့၏ တွေးခေါ်ချက်များကို စာသင်ခန်းအတွင်း တင်ပြပါ။ စာရင်းများအား သင်ပုန်းပေါ်တွင် ရေးချနိုင်သည်။ ယောကျ်ားလေးနှင့် မိန်းကလေးတို့ မည်သည့်အရွယ်မှ စတင်၍ ကွဲပြားသော အလုပ်များ လုပ်ဆောင်ခဲ့သည်ကို ဆွေးနွေးပါ။**

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

မည်သည့်ရုပ်ပုံက လူဖြူလူမည်းအကြောင်း၊ မည်သည့်ရုပ်ပုံက ယောကျ်ားမိန်းမအကြောင်း ပြောနေသည်ကို ကျောင်းသားများအား ဆုံးဖြတ်ခိုင်းပါ။ ရုပ်ပုံထဲရှိ လူများကြား ဆက်ဆံရေး၊ ၎င်းတို့၏ အနေအထား (ဘယ်သူက မြင့်ပြီး ဘယ်သူက နိမ့်)၊ လူတို့၏ ရုပ်သွင်ပြင်၊ ရုပ်ပုံထဲတွင် မည်သို့ ပြုမူဆောင်ရွက်နေသည် စသည်တို့အား အဓိကထား စဉ်းစားရန် အားပေးအားမြှောက်ပြုပါ။

**ထိုရုပ်ပုံများ ဆိုရှယ်လစ်ဇင်နှင့် အင်တာနေရှင်နယ်လစ်ဇင်တို့နှင့် မည်သို့ ဆက်စပ်မှု ရှိနေသည်ကို ဆွေးနွေးကြပါ။**

လူများ ဤကဲ့သို့ရုပ်ပုံမျိုးကို မြင်ခြင်းအားဖြင့် ကမ္ဘာကိုလည်း ထိုသို့သာ မြင်ကြောင်း ကျောင်းသားများအား ရှင်းပြပါ။ 'လူမည်းများသည် လူရိုင်းအသွင် ဝတ်ဆင်ကြကာ လူဖြူတို့ အစေခံများ ဖြစ်ကြသည်။' သို့မဟုတ် 'မိန်းမကောင်းများသည် ယောကျ်ားတစ်ယောက် နမ်းရန် ကြိုးစားသည့်အခါ ခေါင်းကို တစ်ဖက်သို့ လှည့်တတ်ကြသည်။' ဆိုသည့် အဆိုမျိုးသည် လူမျိုးကွဲများ တစ်ဦးနှင့်တစ်ဦး ရှုမြင်ပုံ၊ ယောကျ်ားနှင့်မိန်းမတို့ ချစ်ကြိုးသွယ်ပုံသွယ်နည်းများကို သက်ရောက်မှု ရှိသည်။

## ဆွေးနွေးချက်

ဤ ကျန်းမာရေးထုတ်ကုန်ကြော်ငြာသည် မြန်မာနိုင်ငံတွင် လွန်စွာ ကျော်ကြားသည်။ ပျော်ရွှင်နေသော အသားဖြူဖြူ၊ ဆံပင်ရွှေဝါရောင်နှင့် ကလေးများသည် အားကစားတွင် ထူးချွန်ပုံ (ယောကျ်ားလေး) ပညာရေးတွင် ထူးချွန်ပုံ (မိန်းကလေး)တို့ကို သရုပ်ဖော်ထားသည်။ အောင်မြင်ခြင်း၊ ကျန်းမာခြင်းသည် အသားဖြူခြင်းနှင့် ဆက်စပ်နေကြောင်း ပြသည်။

မေးခွန်းများအား စာသင်ခန်းအလိုက် ဆွေးနွေးပါ။ မေးခွန်း နံပါတ် ၃ ဖြေဆိုရာ၌ မြန်မာကလေးများအပေါ် ဤကြော်ငြာ မည်သို့ သက်ရောက်မှုရှိကြောင်း စာရင်းပြုစုပါ။ အချို့အိုင်ဒီယာများမှာ

**အသားဖြူသူများသည် အသားမည်းသူများထက် ဉာဏ်ရေပိုထက်သည်၊ ပိုသန်မာသည်၊ ပိုကျန်းမာသည်ဟု တွေးခေါ်ကြီးပြင်း လာလိမ့်မည်။ အချို့ကလေးများက အပီတန်ထုတ်ကုန်များ သောက်ခြင်းဖြင့် ၎င်းတို့အသားအရေ ပိုဖြူလာပြီး အားကစားနှင့် ပညာရေးတွင် ထူးချွန်လာမည်ဟု ထင်ကြလိမ့်မည်။ နောက်တစ်မျိုးမှာ လူဖြူများသည် မြန်မာကလေးများထက် ပို၍ ဆွဲဆောင်မှုရှိသည်ဟူ၍ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာပြည်တွင် ကြော်ငြာခြင်း ဖြစ်သော်လည်း အပီတန်သည် လူဖြူကလေးများက ကြော်ငြာဘုတ်တွင်တင်ရန် ရွေးချယ်သောကြောင့် ဖြစ်သည်။**

## မျိုးရိုးစဉ်ဆက် ယောကျ်ားမိန်းမ

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

**မသင်ကြားခင် စံ၊ မျှော်လင့်ချက်**

**၁။** ဖြစ်နိုင်လျှင် ကျောင်းသားများအား ယောကျ်ားမိန်းမ သီးသန့်စီခွဲ၍ အုပ်စုဖွဲ့ပေးပါ။ ကျောင်းသူများက အဖွားအကြောင်း၊ ကျောင်းသားများက အဖိုးအကြောင်း ဖော်ပြကြပါစေ။ ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးရမည်။ ဤမေးခွန်းများသည် ၎င်းတို့၏ အဖိုးအဖွားခေတ်က ယောကျ်ားမိန်းမအပေါ် မည်သို့ မျှော်လင့်ထားသည်၊ လူများ ထို မျှော်လင့်ထားသည့်အတိုင်း မလုပ်ဆောင်ပါက မည်သည်များ ဖြစ်နိုင်သနည်း စသည်တို့ကို အထူးပြု မေးမြန်းထားသည်။

၂။ ထို့နောက် ကျောင်းသူများက အမေ၊ ကျောင်းသားများက အဖေအကြောင်း အထက်ပါနည်းအတိုင်း ဆွေးနွေးရမည်။ ၄င်းတို့မိဘလက်ထက် လူတို့၏ တိုင်းတာသတ်မှတ်ချက်အကြောင်း စဉ်းစားကြရမည် ဖြစ်သည်။

၃။ ၄င်းတို့၏ အဖိုးအဖွား၊ မိဘများက ၄င်းတို့အပေါ် မည်သို့ လွှမ်းမိုးနေသည်ကို ဆွေးနွေးရမည်။ ၄င်းတို့၏ခေတ် ယောက်ျားမိန်းမ ကဏ္ဍသတ်မှတ်ချက်များအကြောင်းလည်း ထည့်သွင်း ဆွေးနွေးရမည်။

၄။ အနာဂတ်တွင် ယောက်ျားမိန်းမကဏ္ဍ မည်သို့ရှိမည်ကို ဆွေးနွေးကြရမည်။ ကျောင်းသူများက နောက်မျိုးဆက် (မင်းတို့၏ သားသမီးများ ဖြစ်နိုင်သည်) အမျိုးသမီးအကြောင်းစိတ်ကူး၍ ပုံဖော်ရမည်ဖြစ်ပြီး ကျောင်းသားများက နောက်မျိုးဆက် အမျိုးသားများအကြောင်း စိတ်ကူးပုံဖော်ရမည်။

**ဤလေ့ကျင့်ခန်း ပြီးပါက စာသင်ခန်းအတွင်း အနာဂတ် ယောက်ျားမိန်းမများအကြောင်း ဆွေးနွေးပါ။ အနာဂတ်အမျိုးသမီးများနှင့်ပတ်သက်၍ ကျောင်းသူများ၏ အတွေးအခေါ်များ၊ အနာဂတ်အမျိုးသားများနှင့် ပတ်သက်၍ ကျောင်းသားတို့၏ အတွေးအခေါ်များကို သင်ပုန်းပေါ်တွင် ချရေးပါ။ အနာဂတ် အမျိုးသားနှင့် အမျိုးသမီးများ တစ်ဦးနှင့် တစ်ဦး အဆင်ပြေမည်ဟု ထင်ပါသလား။ ၄င်းတို့ကြား ပြဿနာ ရှိနိုင်ပါသလား။**

***အနာဂတ် ယောက်ျား၊ မိန်းမများအား ကူညီရန် ယခု မည်သည်များ လုပ်ဆောင်နိုင်သနည်း။***

## ယောက်ျားမိန်းမနှင့် မိသားစု

### စဉ်းစားခိုင်းခြင်း

မိသားစု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အကြောင်း ဆွေးနွေးပြီး စာသင်ခန်းတစ်ခုလုံး လက်ခံသည် အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုကို ထုတ်ပါ။ မိသားစုတွင် ပါဝင်နိုင်သော လူများကို အတန်းတွင်း စာရင်းလုပ်ပါ။ အမျိုးအဆွေများအား ထည့်သွင်းနေခြင်း သက်သက်ဖြင့် အချိန်မကုန်ပါစေနှင့်။ အခြားလူများဖြစ်သည့် သူငယ်ချင်းများ၊ အိမ်တွင် အတူနေထိုင်သူ အိမ်မွေးတိရစ္ဆာန်များ စသည်တို့အကြောင်းပါ ထည့်သွင်းစဉ်းစားပါ။ ထိုသူများသည်လည်း 'မိသားစု'ဝင်များ ဖြစ်နိုင် မနိုင် ကျောင်းသားများအား မေးမြန်းကြည့်ပါ။

### လေ့ကျင့်ခန်းများ

ကျောင်းသားများသည် ရုပ်ပုံများ၊ သရုပ်ဖော်ချက်များကို တစ်ဦးချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ ကြည့်ရှုပြီး မည်သည်များက မိသားစုဖြစ်ကြောင်း ဆုံးဖြတ်ခိုင်းပါ။

ဤအတွက် အဖြေအတိအကျ မရှိပါ။ အဘိဓာန်အများစုတွင် 'မိသားစု' ဆိုသော ဝေါဟာရအတွက် အဓိပ္ပာယ်များစွာ ရှိသည်။ အမိုးတစ်ခုအောက် အတူနေသော လူတစ်စု နှင့် မျိုးရိုးတစ်ခုတည်းမှ ဆင်းသက်လာသော လူတစ်စု စသည့်အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်ခုသည် တွေ့ရအများဆုံး ဖြစ်သည်။

**အောက်ပါလူအုပ်စုများအပေါ် လူတို့၏ အမြင်ကို ဆွေးနွေးပါ။**

–အွမ်မိသားစုကို ချဲ့ထွင်မိသားစု (extended family) ဟုခေါ်သည်။ (အမျိုးများစွာ အတူတကွ နေထိုင်ကြသည်)

–ဒေးဗစ်သည် တစ်ဦးတည်းသော ဖခင် (single father သို့မဟုတ် solo father) ဖြစ်သည်။

–ဒုံဆန်း၊ ချန်စုနှင့် ၄င်းတို့၏ သားသမီးများသည် ရောသမမွေမိသားစု (blended family) ဖြစ်သည်။ (အဖေဘက်မှ သို့မဟုတ် အမေဘက်မှ သို့မဟုတ် နှစ်ဦးလုံးဘက်မှ သားသမီးများ ပါလာသော မိသားစု)
–ဂျိုင့်စ်၊ သာဘို နှင့် ၄င်းတို့၏ မိသားစုသည် nuclear family ဖြစ်သည်။ (အဖေ၊ အမေနှင့် သားသမီး)
–တွမ့်အခြေအနေသည် ရောသမမွေမိသားစု သဘောမျိုး ဖြစ်သည်။
–အေးအေးဝင်း၊ အဲလစ်ဇဘတ်နှင့် စောကြီးတို့သည် မိသားစုမဟုတ်ပါ။ အခန်းဖော် (flatmates သို့မဟုတ် house-mates) များ ဖြစ်သည်။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကျောင်းသားများသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ အမျိုးသမီးမပါသော အိမ်ထောင်စုများ၊ ထိုမိသားစုများ ရင်ဆိုင်ရသော ပြဿနာများအကြောင်း ဥပမာကို စဉ်းစား၍ အုပ်စုလိုက် မေးခွန်းများကို ဖြေရမည်။ ၄င်းတို့ ရင်ဆိုင်ရသော ပြဿနာအမျိုးအစားမှာ တူညီပါသလား။

လူ့အဖွဲ့အစည်းနှင့် လူအသိုင်းအဝိုင်းတို့ ထိုမိသားစုများကို မည်သို့ အကူအညီပေးနိုင်သည်ကို အုပ်စုလိုက် အဖြေရှာကြပါ။

**ဥပမာများ**
**–အခမဲ့ သို့မဟုတ် ဈေးပေါသော ကလေးထိန်း ဝန်ဆောင်မှုနှင့် ကလေးထိန်းကျောင်း၊ သို့မှသာ မိဘများ အလုပ်လုပ်နေစဉ် ကလေးများကို ထားရစ်ခဲ့နိုင်မည်။**
**–အချို့နိုင်ငံများတွင် မိဘတစ်ဦးတည်းရှိသော အိမ်ထောင်စုများအား ဈေးပေါသော သို့မဟုတ် အခမဲ့ ဝန်ဆောင်မှုများ၊ ပိုက်ဆံများ ပေးသည့် လူမှုဖူလုံရေး စနစ်များ ထားရှိသည်။**

## လေ့ကျင့်ခန်းများ

၁၉၉၀ ပြည့်နှစ်မှစ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုအရေအတွက် အတိအကျ မသိရပေ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**၁။** အနောက်ဥရောပနှင့် မြောက်အမေရိကတို့တွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုရာခိုင်နှုန်း အမြင့်ဆုံး ဖြစ ်သည်။ အကြောင်းပြချက် များမှာ ထိုနိုင်ငံများ၌ အိမ်ထောင်ကွာရှင်း ခြင်းကို ဓလေ့အရ ပိုလက်ခံသောကြောင့် လည်းကောင်း၊ ကလေးများအား တစ်ဦးတည်း ပြုစုပျိုးထောင်သော မိဘများအတွက် လူမှုရေးဝန်ဆောင်မှု ပိုများသောကြောင့် လည်းကောင်း ဖြစ်သည်။

**၂။** ဤသို့ တိုးပွားလာခြင်း၏ ဖြစ်နိုင်ခြေရှိသော အကြောင်းပြချက်များမှာ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ အရှေ့တီမော၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မြန်မာနှင့် ဖိလစ်ပိုင်တို့၌ အိမ်ထောင်ကွာရှင်းမှု ပိုမြင့်မားလာခြင်း၊ မြို့ပြလူနေမှုထွန်းကားလာခြင်း (ယောက်ျားများ အလုပ်ရှာရန် မြို့သို့သွားစဉ် မိန်းမများက ဇာတိရွာများ၌ ကျန်ရစ်)နှင့် စစ်ပွဲနှင့် ပြည်တွင်းမငြိမ်မသက်မှုကြောင့် အသေအပျောက် ဆက်လက်တည်ရှိနေခြင်း တို့ကြောင့် ဖြစ်သည်။

**အိန္ဒိယနှင့် အာရှအလယ်ပိုင်းအများစု။**

## ယောကျ်ားမိန်းမနှင့် ဆုံးဖြတ်ချက်ချခြင်း

### စဉ်းစားခိုင်းခြင်း

မိသားစုအတွင်း ချသော ဆုံးဖြတ်ချက်များအား စာသင်ခန်းအလိုက် ဦးနှောက်သွေး၍ စာရင်းပြုစုပါ။ ထိုစာရင်းမှာ မည်သည့်အခါမှ ဆုံးနိုင်မည် မဟုတ်သောကြောင့် ၅ မိနစ်ကြာလျှင် ရပ်ခိုင်းပါ။

**ဥပမာများ**

**–မည်သူနှင့် မည်သည့်နေရာတွင်နေမည်နည်း။ –အိမ်ထောင်ပြုရမည်လား။ မည်သူနှင့်မည်သည့်အချိန်တွင် ပြုရမည်နည်း။ –ကလေးမွေးရမည်လား။ မည်သည့်အချိန်တွင် မွေးမည်နည်း။ ကလေးမည်မျှ မွေးမည်နည်း။ –အိမ်ထောင်ကွာရှင်းရမည်လား။ မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင် ကွာရှင်းရမည်နည်း။ –မိသားစုကို တစ်ဦးတည်း ထိန်းချုပ်ရမည်လား။ အခြားမိသားစုဝင်များနှင့် ပူးပေါင်းရမည်လား။ မည်သည့်အခြေအနေအောက်တွင်နည်း။ –ငွေချေးရမည်လား။ စီးပွားရေးတစ်ခု စရမည်လား။ –ပိုက်ဆံရသောအလုပ် လျှောက်ရမည်လား။ မည်ကဲ့သို့အလုပ်မျိုး ဝင်ရမည်နည်း။ –ငွေ မည်သို့ အသုံးချရမည်နည်း။**

### လေ့ကျင့်ခန်းများ

ကျောင်းသားများ စာရင်းကို ကူးကာ ၎င်းတို့၏ကိုယ်ပိုင်မိသားစု သို့မဟုတ် ၎င်းတို့ အသိုင်းအဝိုင်းရှိ မိသားစု တစ်ခုခုကို အခြေခံ၍ ဆုံးဖြတ်ချက် တစ်ခုချင်းစီကို အမှတ်အသားလုပ်ပါ။

ပြီးပါက သင်ပုန်းပေါ်ရှိ စာရင်းကို ပြန်ကြည့်ပါ။ ကျောင်းသားများ၏ အတွေးအခေါ်များကို အခြေခံ၍ စာရင်းကို အမှတ်အသား လုပ်ပါ။ သဘောမတူညီမှုများ ရှိနေပါက ကျောင်းသားများအား ဆွေးနွေးခိုင်းပါ။ ချွင်းချက် အမြဲရှိတတ်သည်ကို အမှတ်ရပါ။ သို့သော် ကျွန်ုပ်တို့ 'ပုံမှန်'ဟု ယူဆထားသည်ကို ရှာဖွေနေကြောင်း ပြောပြပါ။

ယောကျ်ားနှင့် မိန်းမတို့ ချသော ဆုံးဖြတ်ချက်များကြား ကွာခြားချက်များအကြောင်း ကျောင်းသားများအား အုပ်စုလိုက် မှတ်ချက်ချခိုင်းပါ။

- **ပိုက်ဆံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ယောကျ်ားများပိုချပါသလား။**
- **ကလေးကိစ္စ၊ အိမ်ကိစ္စကို အမျိုးသမီးများ ဆုံးဖြတ်ချက် ပိုချပါသလား။**
- **မိသားစုအတွင်း ယောကျ်ားနှင့်မိန်းမ တူညီသောအခွင့်အရေး ရကြပါသလား။**
- **မည်သည့်အချိန် ကလေးမွေးမည်၊ ကလေးမည်မျှ မွေးမည် ဆိုသည့် ဆုံးဖြတ်ချက်ကို ယောကျ်ားများ ချပါသလား။**

### ဆွေးနွေးချက်

အချို့ဆုံးဖြတ်ချက်များကို ယောကျ်ားများ ချမှသာ ရမည်၊ အချို့ကို မိန်းမများသာ ချသင့်သည်ဟူ၍ ကျောင်းသားများ ငြင်းခုံကောင်း ငြင်းခုံကြလိမ့်မည်။ နှစ်ဦးပူးပေါင်း၍ ဆုံးဖြတ်ချက်ချခြင်း၏ အကျိုးရလဒ်အား ထည့်သွင်းစဉ်းစားရန် ကျောင်းသားများအား အားပေးပါ။

### သင်ခန်းစာပြန်လည်လေ့လာခြင်း

**ဖြစ်နိုင်ခြေရှိသောအဖြေများ**

**၁။** စံပြပုဂ္ဂိုလ်ဆိုသည်မှာ သင် မည်သို့ ပြုမူလုပ်ဆောင်ရမည်ကို ဥပမာပေးသော လူပုဂ္ဂိုလ်ကို ဆိုလိုသည်။

**၂။** 'ဆိုရှယ်လိုင်ဇေးရှင်း'ဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း မည်သို့ ပြုမူလုပ်ဆောင်ရမည်ကို လူများ သင်ကြားလေ့လာပုံ ဖြစ်သည်။ 'အင်တာနေရှင်နယ်လိုင်ဇေးရှင်း'ဆိုသည်မှာ ပြုမူလုပ်ဆောင်ချက်များ ပုံမှန်ဖြစ်သည်၊ သဘာဝကျသည်ဟု လူများ စတင်တွေးတောခြင်းကို ဆိုလိုသည်။

**၃။** အရုပ်အများအပြားက ပြုမူလုပ်ဆောင်ပုံအချို့အား အားပေးအားမြှောက်မှု ရှိသည်။ ဘိုမရုပ်ကလေးများသည်

ကလေးများက ကလေးများကို ပြုစုစောင့်ရှောက်ရန် သင်ပေးသည်။ အရုပ်သေနတ်များက ကလေးများက ဒေါသကြီးရန် သင်ကြားပေးသည်။

၅။ ချဲ့ထွင်မိသားစု (extended family)။

၆။ အိမ်တစ်အိမ်တွင် အမျိုးသားတစ်ဦး ရှိပါက အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ထိုယောကျ်ားအား အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်လိုက်ကြသည်။

# ၄။ ယောကျ်ားမိန်းမကို အခြေခံသည့် အကြမ်းဖက်မှုများ

## စဉ်းစားခိုင်းခြင်း

ယောကျ်ားမိန်းမကို အခြေခံသည့် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ကျောင်းသားများ၏ အတွေးအခေါ်များအား ဦးနှောက်သွေး စဉ်းစားပါ။ ကျောင်းသားများ၏ အတွေးအခေါ်ကို သင်ပုန်းပေါ်တွင် ရေးပါ။ ယောကျ်ားမိန်းမကို အခြေခံသည့် အကြမ်းဖက်မှု ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖတ်ပြီး ကျောင်းသားများ နားမလည်သည်ကို ရှင်းပြပါ။

ယောကျ်ားမိန်းမကို အခြေခံသည့် အကြမ်းဖက်မှု၌ ယောကျ်ားများသာ ခံစားခံ ဖြစ်တတ်သော်လည်း ထိုပုံစံမျိုးကို တွေ့ရမများကြောင်း ရှင်းပြပါ။ ယောကျ်ားမိန်းမကို အခြေခံသည့် အကြမ်းဖက်မှုသည် သင် ယောကျ်ားဖြစ်သလား၊ မိန်းမဖြစ်သလားပေါ် မူတည်၍ ဖြစ်ပွားသော အကြမ်းဖက်မှု ဖြစ်သည်။ ဥပမာ သင် မိန်းမဖြစ်သောကြောင့် အကြမ်းဖက်ခြင်း၊ သို့မဟုတ် သင် ယောကျ်ားဖြစ်သောကြောင့် အကြမ်းဖက်ခြင်း။

လွတ်လပ်ရေးရုပ်သိမ်းခြင်း ဆိုသည်မှာ လူတစ်ဦး လွတ်လပ်စွာ ရွေ့လျားခြင်းအား ရပ်တန့်ခြင်း ဖြစ်သည်။ ဥပမာ တစ်စုံတစ်ဦးအား အိမ်တွင် သော့ခတ်ပိတ်ထားခြင်း၊ သို့မဟုတ် အိမ်မှထွက်ခွာလျှင် ရိုက်မည်ဟု ခြိမ်းခြောက်ခြင်း။

## လေ့ကျင့်ခန်းများ

ကျောင်းသားများအား အခြေအနေငါးရပ်ကို ဖတ်ခိုင်းပါ။ မည်သည်များက ယောကျ်ားမိန်းမကို အခြေခံ၍ဖြစ်သော အကြမ်းဖက်မှုများနည်း။ အဘယ့်ကြောင့်နည်း။

**အဖြေများ**

အားလုံးသည် ယောကျ်ားမိန်းမကို အခြေခံ၍ဖြစ်သော အကြမ်းဖက်မှု ဥပမာများ ဖြစ်သည်။

### အိမ်တွင်း အကြမ်းဖက်မှု

## ဆွေးနွေးချက်

ကျောင်းသားများ အချက်အလက်ကို ဖတ်ရှုပြီး ၄င်းတို့အသိုင်းအဝိုင်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုသည် ပြဿနာတစ်ခု ဟုတ် မဟုတ် ဆွေးနွေးခိုင်းပါ။

၄င်းဆွေးနွေးခြင်းသည် လူများ 'ပြဿနာ'ကို မည်သို့ ထင်သည်ဆိုသည့်အပေါ် မူတည်သည်။ အမြင်တစ်ခုမှာ အိမ်တွင်းအကြမ်းဖက်မှုရှိနေလျှင် အသိုင်းအဝိုင်းအတွက် ပြဿနာ ရှိနေသည်။ အခြားသူများက အိမ်တွင်းအကြမ်းဖက်မှု သည် တိတ်ဆိတ်ပြီး အိမ်ပြင်ပအား အနှောင့်အယှက်မဖြစ်လျှင် ပြဿနာမဟုတ်ဟု ထင်ကြပေလိမ့်မည်။ သင်က အဖြေကို မဆုံးဖြတ်ပေးဘဲ ၄င်းကိစ္စအပေါ် အားလုံး၏ အတွေးအခေါ်များအား လိုက်နာထောင်ပါ။

## အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှု

### လေ့ကျင့်ခန်းများ

မည်သည့်အဆိုများက မှန်သည်၊ မှားသည်ကို ကျောင်းသားများ ဆုံးဖြတ်ပါ။
ဆုံးဖြတ်ပြီးပါက စာပိုဒ်ကိုဖတ်ပြီး ၎င်းတို့၏အဖြေ မှန်၊မမှန် စစ်ဆေးပါ။

အဖြေများ

**၁။ မှား ၂။ မှား ၃။ မှန် ၄။ မှန်**

ဤနေရာတွင် ထောက်ပြရမည့်အချက်မှာ ကြိုတင်အကြောင်းကြားခံထားရခြင်း (informed consent) ဖြစ်သည်။ လူတစ်ဦးယောက်သည် သတိလည်မှု အပြည့်အဝမရှိလျှင် သို့မဟုတ် လိင်အကြောင်း အမှန်တကယ်နားမလည်လျှင် ၎င်းတို့သည် ကြိုတင်အကြောင်းကြားမခံထားရဟု သတ်မှတ်နိုင်သည်။ ဥပမာ လူတစ်ဦးက ကလေးတစ်ဦးအား သို့မဟုတ် ဦးနှောက်ဆိုးရွားစွာ ချို့ယွင်းနေသူတစ်ဦးအား လိင်ဆက်ဆံရန် ဆွဲဆောင်လျှင် အဆွဲဆောင်ခံရသူသည် ၎င်းတို့ မည်သည်ကို လုပ်ရန် သဘောတူကြောင်း နားလည်သည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် ၎င်းကို အဓမ္မပြုကျင့်ခြင်းဟု ခေါ်သည်။

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကျောင်းသားများ ဇာတ်လမ်းကို ဖတ်ပြီး မေးခွန်းများကို အုပ်စုလိုက် စဉ်းစား၍ ဖြေဆိုပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**၁။** သူသည် ဖခင်က မိခင်အား အလွန်အကျွံ ရိုက်နှက်သည်ကို မြင်သောကြောင့် ယောက်ျားများသည် မိန်းမများအား အင်အားသုံး ထိန်းချုပ်နိုင်သည်ဟု သင်ယူမိသည်။ ယောက်ျားမှန်လျှင် မငိုရဟု ဖခင် ပြောဆိုခြင်းကြောင့် ယောက်ျားသည် သန်မာရမည်၊ ကြံ့ခိုင်ရမည် ကြမ်းတမ်းခက်ထန်ခြင်းနှင့်လည်း ဆက်စပ်နိုင်သည်ဟု သူ သင်ကြားမိသည်။ ဦးလေးက ၎င်းအား ညှဉ်းပမ်းနေခြင်းကို အမေက မတားမြစ်သောကြောင့် သူက မိခင်ဖြစ်သူအား ဒေါသထွက်လျက်ရှိသည်။ ထို့ကြောင့် သူသည် အမေအား မလေးစား၊ ယေဘုယျ အမျိုးသမီးထုအား မလေးစားခြင်းလည်း ဖြစ်နိုင်သည်။

**၂။** ၎င်းတို့ ရှက်သောကြောင့် ဖြစ်နိုင်သည်။ အခြားသူများက ၎င်းတို့၏ အပြစ်ဟု ပြောမည်ကို ကြောက်ခြင်းလည်း ဖြစ် နိုင်သည်။ ၎င်းတို့ အသိုင်းအဝိုင်းက ၎င်းတို့အား အတင်းအကြပ် အိမ်ထောင်ပြုခိုင်းခြင်း သို့မဟုတ် ၎င်းတို့ အဓမ္မပြုကျင့်ခြင်း ခံရသည်ကို သိလျှင် အခြား မည်သူမျှ ၎င်းတို့အား လက်မထပ်ချင်တော့မည်ကို စိုးခြင်း စသည်တို့ကြောင့်လည်း ဖြစ်နိုင်သည်။

**၃။** သူ ဆွေးနွေးတိုင်ပင်ခွင့် ရပါက အဓမ္မပြုကျင့်ခြင်းသည် မှားကြောင်း သူ သဘောပေါက်လာမည်။ သူ၏ အဓမ္မပြုကျင့်ခြင်း ခံရသူများအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို သူသိလာလျှင် ဝမ်းနည်းပြီး သူ့အပြုအမူများကို ပြောင်းလဲကောင်း ပြောင်းလဲလာလိမ့်မည်။ သူ အမျိုးသမီးများအား အဓမ္မ မပြုကျင့်ရန် သူ့အား အကျဉ်းချထားသင့်သည် သို့မဟုတ် အမျိုးသမီးများ မရှိသောနေရာတွင် သူ့ကို ထားသင့်သည်ဟု အချို့လူများက ထင်ကြသည်။

## လူကုန်ကူးခြင်း

**ဆွေးနွေးချက်**

ကျောင်းသားများအား စာပိုဒ်ကို ဖတ်ခိုင်းပြီး လူကုန်ကူးခြင်းနှင့်ပတ်သက်၍ ကျောင်းသားများ မည်မျှသိသည်ကို မေးမြန်းခြင်းဖြင့် ဆွေးနွေးခန်းကို စပါ။ ဆွေးနွေးရာ၌ အောက်ပါမေးခွန်းများကို ထည့်သွင်း ဆွေးနွေးပါ။
**–နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ မည်သူများ ကုန်ကူးခြင်း ခံနေရသနည်း။**
**–အဘယ့်ကြောင့် လူကုန်ကူးခံရသနည်း။**
**–မည်သို့ ကုန်ကူးခြင်း ခံရသနည်း။**
**–နောက်ဆုံး ၄င်းတို့ မည်သည့်အလုပ် လုပ်ရသနည်း။**

**အချက်အလက်အချို့မှာ**
–ကလေးများ၊ အမျိုးသမီးများသည် နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံကြား ကုန်ကူးခံနေရသည်။ ၄င်းတို့သည် နောက်ဆုံးတွင် အိမ်မှု လုပ်ငန်းများ၊ လိင်လုပ်ငန်း၊ စက်ရုံလုပ်ငန်းနှင့် တောင်းရမ်းခြင်း စသည်တို့ကို လုပ်ကိုင်ကြရသည်။
–အရှေ့တောင်အာရှတွင် လူများသည် နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကုန်ကူးခြင်း ခံနေရသည်။ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ မြန်မာ၊ မလေးရှား။
–အလုပ်ကောင်းရမည်ဆိုသည့် မက်လုံးကြောင့် လူများသည် လူကုန်ကူးသူများအား ပိုက်ဆံပေးကြသည်။ ထို ကတိများသည် လိမ်လည်မှုများသာ ဖြစ်ပြီး ထိုသူများသည် လူကုန်ကူး ခံကြရသည်။

**သင်ခန်းစာပြန်လည်လေ့လာခြင်း**

ကျောင်းသားများသည် အသုံးအနှုန်းများကို တစ်ဦးချင်း အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်သည်။ မိမိတို့၏ အဓိပ္ပာယ်ဖွင့် ဆိုချက်များအား အတန်းဖော်များနှင့် နှိုင်းယှဉ်ပါ။ အချို့အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စုစည်း၍ သင်ပုန်းပေါ်တွင် ရေးပါ။ စကားလုံးတစ်ခုစီအတွက် အကောင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စာသင်ခန်းအလိုက် သဘောတူရန် ညှိပါ။ ဖြစ်နိုင်လျှင် ၄င်းတို့ မိခင်ဘာသာစကားဖြင့် လုပ်ခိုင်းပါ။

# ၅။ ယောက်ျားမိန်းမနှင့် ဘာသာရေး

**လေ့ကျင့်ခန်းများ**

ဘာသာရေးဆိုင်ရာ စာပိုဒ်များမှာ ကောက်နုတ်ချက်များကို ဖတ်ပြီး သက်ဆိုင်ရာ ဘာသာရေးနှင့် ယှဉ်တွဲပါ။
**အဖြေများ**
**၁**။ င။ ခရစ်ယာန်။ ကျမ်းစာအုပ်မှ ထုတ်နှုတ်ထားခြင်း ဖြစ်သည်။ (1 Timothy 2:9-15)
**၂**။ ခ။ ဟိန္ဒူ။ (Laws of Manu, V, 147-8)
**၃**။ က။ အစ္စလာမ်။ အစ္စလာမ်၏ ဘာသာရေးစာအုပ်ဖြစ်သည် ကိုရမ်ကျမ်းစာအုပ်မှ ထုတ်နှုတ်ထားခြင်း ဖြစ်သည်။ (The Women, 4.34)
**၄**။ ဃ။ ဂျူး။ ယနေ့အချိန်အထိ ရှေးရိုးစွဲ ဂျူးအမျိုးသားအချို့သည် မနက်တိုင်း ဤဆုတောင်းချက်ကို ဆိုသည်။
**၅**။ င။ ခရစ်ယာန်။ ကက်သလစ် ကျမ်းစာအုပ်မှ ကောက်နှုတ်ချက် ဖြစ်သည်။ (ecclesiastes 25:19, 24)
**၆**။ ဂ။ ဗုဒ္ဓဘာသာ။ ခင်ပွန်း၏ သန္နိဌာန်တွင် အိမ်မှုကိစ္စများအား ကူညီမည်၊ သူငယ်ချင်း၊ မိသားစုနှင့် ဇနီးအား ကြင်နာမည် ဆိုသောအချက် မပါပေ။ (Sigalovada Sutta)

## ဆွေးနွေးချက်

ကျောင်းသားများ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

**အဖြေများ**

**၁။** အားလုံးပင်။ အဓိကဘာသာရေးအားလုံးသည် အမျိုးသမီးများ ဘာသာရေးအတွင်း ရာထူးမြင့်သောသူများ လုပ်ရမည့်အလုပ်မျိုး မလုပ်ရန် တားမြစ်ထားသည်။ ဥပမာ ရိုမန်ကက်သလစ်ခရစ်ယာန်တွင် အမျိုးသမီးများ တရားဟောဆရာ ဖြစ်ခွင့် မရှိ။ ဗုဒ္ဓဘာသာတွင် အမျိုးသမီးများသည် ဘုရားကျောင်း၏ အချို့နေရာများကို ဝင်ခွင့် နှင့် ဘုန်းကြီးဖြစ်ခွင့် မရှိပေ။ မွတ်စလင်အမျိုးသမီးများသည် အမျိုးသားများနှင့် အတူ ဘုရားမရှိခိုးရဘဲ သီးသန့်အခန်းတွင် ဘုရားရှိခိုးရသည်။ ရှေးကျ ဂျူးအမျိုးသမီးများသည် ရာဘီဖြစ်ခွင့်၊ ဘုရားရှိခိုးစဉ် တိုရာကျမ်းစာကို ဖတ်ခွင့် မရှိပေ။

ဤဘာသာရေးအားလုံးတွင် အမျိုးသမီးများအား လွတ်လပ်ခွင့်ပေးထားသော အပိုင်းများ ရှိသလို အမျိုးသမီး (နှင့် အမျိုးသား) များ၏ ပြုမူလုပ်ဆောင်မှုများအား ကန့်သတ်ချုပ်ချယ်ထားသော ရေးရိုးစွဲအပိုင်းများလည်း ရှိသည်။

**၂။** ကမ္ဘာ့အဓိကဘာသာရေးတို့၏ ပင်မကျမ်းစာအများစုကို ယောကျ်ားများ ရေးသားထားခြင်း ဖြစ်သည်။

–အစ္စလာမ်ဘာသာအရ မိုဟာမက်သည် ဘုရားနှင့် အဆက်အစပ် မကြာခဏပြုခြင်းဖြင့် ကိုရန်ကျမ်းစာကို ရသည်။ မိုဟာမက်သေဆုံးချိန် ၆၃၂ ခုနှစ်တွင် ကိုရန်ကျမ်းစာသည် စာအုပ်အဖြစ် မပေါ်သေးပေ။ စာကူးရေးသူ ဇေဒီဘာ သာဘစ်အား ကိုရန်ကျမ်းစာ ပထမဆုံးမူကို ရေးသူအဖြစ် လူများ အသိအမှတ်ပြုထားသည်။

–မိုးဇက်သည် တိုရာကို ဘုရားဆီမှ လက်ခံရရှိကာ ရေးသားသူဖြစ်သည်ဟု ဂျူးများက ဆိုကြသည်။

–ခရစ်ယာန်ကျမ်းစာအုပ်သည် ဂျူး (ဓမ္မဟောင်း)နှင့် ဓမ္မသစ်မှ စာပိုဒ်များအား ရောထားခြင်း ဖြစ်သည်။ အစောပိုင်း ခရစ်ယာန်လှုပ် ရှားမှုတွင် ပါဝင်သော ယောကျ်ားအမျိုးမျိုးက ခရစ်ယာန်ကျမ်းစာအုပ် ရေးသားရာတွင် ပါဝင်ခဲ့ကြသည်။

–အရေးပါသော ဟိန္ဒူစာများ အများအပြား ရှိသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ချမရေးခင်အထိ စကားအဖြစ် လက်ဆင့်ကမ်းလာခဲ့ခြင်း ဖြစ်သည်။ ၈ ရာစုတွင် အတွေးအခေါ်ပညာရှင် အဒီရှန်ကာရာသည် ဗီဒတ်စ်ကို ပုံစံမျိုးစုံဖြင့် ရေးသားခဲ့သော လူတစ်ဦး ဖြစ်သည်။

–ဗုဒ္ဓဘာသာသည်လည်း ကာလကြာရှည်စွာ နှုတ်ဖြင့် လက်ဆင့်ကမ်းလာသည်။ ထေရဝါဒဗုဒ္ဓဘာသာက အစောပိုင်း ဆုထရာများကို ဂေါတမဗုဒ္ဓက ဖော်ထုတ်ပြီး သူ၏ နောက်လိုက်များက ရေးသားသည်ဟု ယုံကြည်ကြသည်။

## မြန်မာနိုင်ငံရှိ ဘာသာရေး။ ။ ဗုဒ္ဓဘာသာ

သင့်ကျောင်းသားများသည် ဗုဒ္ဓဘာသာဝင်များ သို့မဟုတ် ဗုဒ္ဓဘာသာအကြောင်း များစွာ သိလျှင် အမျိုးသမီးတို့၏စကား ကောက်နှုတ်ချက်နှင့် ကွဲသော ၄င်းတို့၏ ကိုယ်ပိုင်အမြင်များ၊ နားလည်မှုများ၊ ယုံကြည်မှုများ ရှိနိုင်သည်။ ဤကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရန် အားပေးပါ။

## လေ့ကျင့်ခန်းများ

အမျိုးသမီးများ၏အဆိုကို ကျောင်းသားများ ဖတ်ပြီး စာဖတ်နားလည်နိုင်စွမ်းမေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

၁။ ဘုန်းကြီးများ

၂။ ၄င်းတို့သည် ဗုဒ္ဓအဆုံးအမ မဟုတ်ဟု သိတာယုံကြည်သည်။

၃။ ၄။ ၅။ ကျောင်းသားများ၏ အတွေးအခေါ်၊ အမြင်များအား မေးမြန်းပါ။

၆။ ၄င်းတို့မေးသော လူများသည် ထိုဥပဒေများကို အဘယ့်ကြောင့် ထုတ်ပြန်ခဲ့ကြောင်း မသိခြင်း ဖြစ်နိုင်သည်။

၇။ အဘယ့်ကြောင့်ဆိုသော ၄င်းတို့သည် ၄င်းတို့က အိမ်ထောင်ဦးစီးဟု သတ်မှတ်သော ခင်ပွန်းသည်များထံမှ အလှူကို လက်ခံလိုသည်။

၈။ လူများသည် ထို အယူသည်းခြင်းများအကြောင်း မစဉ်းစားကြပေ။ ထိုအယူသည်းခြင်းများ အသုံးဝင်၊မဝင်ကိုလည်း မေးခွန်းမထုတ်ဘဲ လိုက်နာနေကြသည်။
၉။ မဟုတ်ပါ။ သူမက ဗုဒ္ဓသည် ခွဲခြားဆက်ဆံရန် မည်သည့်အခါကမျှ မသင်ခဲ့ဖူးဟု ဆိုသည်။

## ဘာသာရေးနှင့် လူမှုရေးစည်းမျဉ်းစည်းကမ်းများ

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကျောင်းသားများသည် မေးခွန်းများအား မိမိတို့ကိုယ်မိမိ ဖတ်ရင်း ၄င်းတို့၏ ကိုယ်ပိုင် အတွေးအခေါ်များအား စဉ်းစားရမည် ဖြစ်သည်။
ဖြစ်နိုင်လျှင် ယောကျ်ား၊ မိန်းမ သက်သက်စီခွဲ၍ လေ့ကျင့်ပါ။ ယောကျ်ားနှင့် မိန်းမများက ၄င်းတို့၏ မေးခွန်းများကို ဖြေပြီး အဖွဲ့အတွင်း ဆွေးနွေးရမည်။
သင် ကြိုက်နှစ်သက်ပါက အဖွဲ့များအား ၄င်းတို့၏ ဆွေးနွေးချက်များကို စာသင်ခန်းအလိုက် အတိုချုပ်ခိုင်းပါ။ အမည်များအား ဖော်ပြရန် မလိုပါ။ 'ကျွန်ုပ်တို့အများစုသည် စိတ်သိပ်မသတီသော်လည်း ကျွန်ုပ်တို့၏ ညီမလေး၏ လုံချည်ကို ဖွက်ထဲမှ ပြန်ကောက်ပေးပါမည်။'

## မြန်မာနိုင်ငံရှိ အခြားဘာသာရေးများ

### ဆွေးနွေးချက်

**မေးခွန်းများအား စာသင်ခန်းအလိုက် ဆွေးနွေးပါ။**

### သင်ခန်းစာပြန်လည်လေ့လာခြင်း

၁။ ကျောင်းသားများသိသော ဘာသာရေးများအား ရေးချနိုင်ရန် အချိန်ပေးပါ။ ထို့နောက် သင်ပုန်းပေါ်တွင် စာရင်းလုပ်ပါ။
၂။ ဥပမာများရေးရန် အချိန်ပေးပြီး မညီမျှမှု အမျိုးအစားများအကြောင်း ဆွေးနွေးပါ။
၃။ ဥပမာများရေးရန် အချိန်ပေးပြီး ဘာသာရေးများအတွင်း ယောကျ်ားများအတွက် ထုတ်ပြန်ထားသော လူမှုရေးစည်းမျဉ်းများအကြောင်း ဆွေးနွေးပါ။
၄။ ဥပမာများရေးရန် အချိန်ပေးပြီး ဘာသာရေးများအတွင်း အမျိုးသမီးများအတွက် ထုတ်ပြန်ထားသော လူမှုရေးစည်းမျဉ်းများအကြောင်း ဆွေးနွေးပါ။

# ၆။ ယောကျ်ားမိန်းမနှင့် နိုင်ငံရေး

### အတန်းတွင်းလေ့ကျင့်ခန်း

စာသင်ခန်းမစမီ အနီရောင်နှင့်အဖြူရောင် စက္ကူသို့မဟုတ် အဝတ်စများနှင့် တိတ်ကို ရှာထားရန် လိုသည်။ (စက္ကူအဖြူပေါ်တွင် မှင်နှင့်ရေးခြယ်လျှင်လည်း ရသည်)
ကျောင်းသားများ၏ နဖူးပေါ်တွင် အနီ၊အပြာ အမှတ်အသားများ တိတ်ဖြင့် ကပ်ခြင်းဖြင့် အတန်းအား 'အနီ'နှင့် 'အပြာ' လူများအဖြစ် ခွဲလိုက်ပါ။ အဖွဲ့နှစ်ဖွဲ့လုံးတွင် ယောကျ်ားနှင့်မိန်းမ အရေအတွက် (တတ်နိုင်သလောက်) ညီတူညီမျှဖြစ်အောင် ခွဲပါ။ ဤမှစ၍ အနီရောင်တိတ်နှင့်သူများအား 'လူနီ'ဟုလည်းကောင်း၊ အပြာရောင်တိတ်နှင့် လူများအား 'လူပြာ'ဟုလည်းကောင်း ခေါ်မည်။

**အောက်ပါ လေ့ကျင့်ခန်းအား လုပ်ခိုင်းပါ။**

**က။** လူပြာရော၊ လူနီရောပါသည့် လေးယောက် တစ်အုပ်စုအဖွဲ့များ ဖွဲ့ပါ။ ခေါင်းဆောင်ကောင်းတစ်ဦး၏ အရည်အသွေးများအကြောင်း တစ်ဖွဲ့ချင်းစီ ခေါင်းချင်းရိုက် ဆွေးနွေးခိုင်းပါ။ တစ်ဖွဲ့စီမှ လူပြာအား မှတ်စုလုပ်ခိုင်းပါ။ ငါးမိနစ်ကြာပြီးလျှင် တစ်ဖွဲ့စီမှ လူနီကို ခေါ်၍ ၄င်းတို့ ခေါင်းရိုက်၍ ရသောအဖြေများအား အတန်းရှေ့တွင် အစီရင်ခံခိုင်းပါ။ တစ်ယောက်ချင်းစီ စကားပြောပြီးနောက် လက်ခုပ်တီးရင်း အောက်ပါတို့ကို ပြောပါ။

"သင် ပြောဆိုသည်များမှာ ခေါင်းဆောင်ကောင်းတစ်ဦးကဲ့သို့ပင် ရှင်းလင်းကောင်းမွန်သည်။"

"အဖွဲ့တစ်ဖွဲ့လုံးရှေ့တွင် မတ်တပ်ရပ်ရဲလောက်အောင် သင် သတ္တိရှိသည်။"

"သင့်တင်ဆက်မှုမှာ အရမ်းကောင်းမွန်သည်။ သင် အနာဂတ်တွင် ခေါင်းဆောင်ကောင်း ဖြစ်လာမည်ဟု ကျွန်ုပ် သေချာပေါက်သိသည်။"

"သင့်အစီရင်ခံချက်သည် အလွန်ကောင်းသည်။ သင် ကောလိပ်သွားပြီး ပညာကောင်းကောင်းသင်ရန် ထိုက်တန်သည်။"

**ခ။** အတန်းထဲမှ လူနီအချို့ကို ခေါ်၍ စာသင်ခန်းနောက်ရှိ စားပွဲကြီးအား ရှေ့သို့ဝိုင်းရွှေ့ပေးရန် အကူအညီတောင်းပါ။ (သို့မဟုတ် အနည်းငယ်လေးသော အရာဝတ္ထုများအား ဝိုင်းရွှေ့ခိုင်းပါ) ၄င်းတို့ ထိုသို့ လုပ်နေချိန်တွင် အောက်ပါများကို ပြောဆိုချီးကျူးပါ။

"ကျေးဇူးတင်လိုက်တာ။ မင်းက သန်မာပြီး ရက်ရောတာပဲ။ စားပွဲက လေးပေမယ့် မင်းက သိပ်သန်မာတာပဲ။"

အားလုံးကို ဝိုင်းကူပေးသည့် လူနီအား လက်ခုပ်တီးအားပေးခိုင်းပါ။

"လေးလံခက်ခဲ့အလုပ်တွေလုပ်ရင် လူနီကို အားကိုးနိုင်မှန်း ကျွန်ုပ်သိတယ်"ဟု ဖြည့်စွက်ပြောပါ။

**ဂ။** လူပြာသုံးဦးအား ဝိုင်းကူရန် ခေါ်ပါ။ ၄င်းတို့ သင့်အနားလာလျှင် 'အိုး၊ မင်းက သိပ်လိမ္မာတာပဲ၊ ကြင်နာတတ်တယ်၊ သိမ်မွေ့တယ်ပါလား။ မင်းဆံပင်က အရမ်းလှတာပဲ။ ဆံရှည်ပျော့ပျော့ကို ကျွန်ုပ် ကြိုက်တယ်။ မင်း သတို့သမီးကောင်းတစ်ယောက်ဖြစ်မယ်ဆိုတာ ကျွန်ုပ်သေချာသိနေတယ်။" ထို့နောက် လူပြာအား အဖွဲ့အတွက် ကော်ဖီဖျော်ခိုင်းပါ။ (၄င်းတို့အား ဟန်ဆောင်လုပ်ခိုင်းပါ)

**ဃ။** ကျောင်းသားတို့၏ လွယ်အိတ်တစ်ဝက်ကို ယူပြီး အခန်းရှေ့တွင် ထားပါ။ လူပြာနှင့်လူနီ နှစ်ယောက်တစ်တွဲစီ အဖော်ရှာပါ။ လူနီက အတန်းရှေ့သို့လာပြီး လွယ်အိတ်တစ်လုံးကို ရွေးရမည်။ သူ့အဖော် လူပြာအတွက်ပါ ကိုယ်စား ရွေးရမည်ဖြစ်သည်။ ထို့နောက် အဖော်ဆီသို့ ပြန်ကာ အဘယ်ကြောင့် ၄င်းတို့နှစ်ဦးစလုံးအတွက် ထိုလွယ်အိတ်အား ရွေးရကြောင်း ပြောပါ။

**င။** အားလုံးအား အတန်းနှစ်တန်းလုပ်ပြီး ထိုင်ခိုင်းပါ။ လူနီက အရှေ့တွင် ထိုင်ပြီး လူပြာက နောက်တွင် ထိုင်ရမည်။ တစ် ခါကို လူနီတစ်ယောက်စီ ရှေ့သို့ခေါ်၍ ဆုတစ်ခု ချီးမြှင့်ပါ (စက္ကူတစ်စ၊ လက်မှတ်တစ်ခု)။ လေ့ကျင့်ခန်းတစ်ခုလုံးအတွက် အောင်မြင်သောသူတစ်ယောက် ဖြစ်သည့်အတွက် အထူးသဖြင့် ၄င်းတို့၏အဖော် လူပြာများအား ကောင်းမွန်စာကိုယ်စားပြုသည့်အတွက် ဆုချီးမြှင့်ခြင်း ဖြစ်သည်။

လေ့ကျင့်ခန်း ပြီးသွားသည့်ခါ ၄င်းတို့ မည်သို့ ခံစားရသည်ကို လူတိုင်းအား မေးပါ။ လူပြာအချို့က ဒေါသထွက်နိုင်သည်။ ထို့ကြောင့် ၄င်းတို့အား အရင်ပြောခိုင်းပါ။ အဘယ့်ကြောင့် ထိုသို့ ခံစားရသည်ကို မေးပါ။ လူနီများကိုလည်း မည်သို့ ခံစားရသည်၊

အဘယ့်ကြောင့် ထိုသို့ခံစားရသည်ကို မေးပါ။ အောက်ပါမေးခွန်းများကို စာသင်ခန်းအလိုက် ဖြေပါ။

–လေ့ကျင့်ခန်းသည် လက်တွေ့ဘဝနှင့် ဆက်နွှယ်နေပါသလား။ မည်ကဲ့သို့နည်း။

–လူ့အဖွဲ့အစည်းအတွင်း မည်သည့်အခြေအနေ ကိစ္စရပ်များက ဤလေ့ကျင့်ခန်းနှင့် ဆင်တူသနည်း။

လူပြာနှင့် လူနီများအား အဖွဲ့အတွင်း မေးခွန်းများကို ဆွေးနွေးခိုင်းပါ။ လူပြာများ၏ အဖြေ၊ လူနီများ၏ အဖြေများကို မျှဝေပါစေ။

နောက်ဆုံး လေ့ကျင့်ခန်းအတွင်း မည်သည့် ဖိနှိပ်ချုပ်ချယ်မှုများအား ကျောင်းသားများ မြင်တွေ့ခဲ့သည်ကို စာသင်ခန်းအလိုက် ဆွေးနွေးပါ။ ဤဖိနှိပ်ချုပ်ချယ်မှုများအား ငြင်းပယ်နိုင်သော နည်းလမ်းများကို ဦးနှောက်သွေး စဉ်းစားပါ။

## နိုင်ငံရေးဆိုသည်မှာ အဘယ်နည်း။

**စဉ်းစားခိုင်းခြင်း**

၃မိနစ်မှ ၅ မိနစ် အချိန်ယူ၍ ကျောင်းသားများအား နိုင်ငံရေးနှင့် ပတ်သက်သည့် ဝေါဟာရများကို ၄င်းတို့သိသလောက် စဉ်းစားပါစေ။ ထိုစကားလုံးများအား သင်ပုန်းပေါ်တွင် ရေးပါ။

အတန်းတွင်း လေ့ကျင့်ခန်း
နောက်စာမျက်နှာတွင် ညွှန်ကြားချက်များ ပါရှိသည်။

**အတန်းတွင်းလေ့ကျင့်ခန်း**

စာသင်ခန်းမစမီ အောက်ပါ စကာလုံး၊ စကားစုများအား ကတ် သို့မဟုတ် စက္ကူစများပေါ်တွင် ရေးသားပြင်ဆင်ထားပါ။

**–စပါးခင်း**
**–မျောက်**
**–ရော့ခ်ဂီတပွဲ**
**–ရေအားလျှပ်စစ် ရေကာတာ**
**–ပထဝီဝင် ကျောင်းဖတ်စာအုပ်**
**–အိမ်အသစ်**
**–ဘီစကစ်မုန့်တစ်ထုပ်**
**–အာဆီယံခေါင်းဆောင်များနှင့် တွေ့ခြင်း**
**–စက်ဘီးတစ်စီး**
**–အင်္ဂလိပ်စာ စာမေးပွဲ**
**–တံတားတစ်စင်း**
**–ဦးထုပ်တစ်လုံး**

စာသင်ခန်းငယ်လျှင် ကျောင်းသားတိုင်း ကဒ်တစ်ခု ရမည်။ စာသင်ခန်းကြီးလျှင် ကျောင်းသားများအား နှစ်ယောက်တစ်တွဲ သို့မဟုတ် သုံးယောက်တစ်တွဲ ပေးလေ့ကျင့်ပါ။ ၄င်းတို့အား ကဒ်များ ဝေပေးပါ။
သင်ပုန်းအလယ်တည့်တည့်တွင် မျဉ်းတစ်ကြောင်း ဆွဲချပြီး **(နိုင်ငံရေးနှင့်သက်ဆိုင်= နှင့် =နိုင်ငံရေးနှင့် မသက်ဆိုင်)**တို့ကို ကော်လံတစ်ခုစီတွင် ခေါင်းစဉ်တပ်ပါ။ ကျောင်းသားများ အလှည့်ကျ သင်ပုန်းပေါ်တွင် သက်ဆိုင်ရာကော်လံအတွင်း ကဒ်များကို လာကပ်ကြရမည်။ အဘယ့်ကြောင့် ထိုကော်လံတွင် ကပ်ရကြောင်း ရှင်းပြရမည်။

၍လေ့ကျင့်ခန်းပြီးလျှင် ရွေးချယ်မှုများအကြောင်း ဆွေးနွေးပါ။ ကျောင်းသားများ သဘောတူပါသလား။

အမှန်တကယ်တွင် အထက်ပါ အရာများအားလုံးသည် တစ်နည်းမဟုတ်တစ်နည်း နိုင်ငံရေးနှင့် ဆက်စပ်လျက် ရှိသည်။ ရော့ခ်အဖွဲ့က နိုင်ငံရေးနှင့်စပ်ဆိုင်သော သီချင်းဆိုမည်ဆိုလျှင် ရော့ခ်ဂီတပွဲသည် နိုင်ငံရေးနှင့် တိုက်ရိုက်ပတ်သက်သည်။ သို့မဟုတ် ဂီတအဖွဲ့များ စင်ပေါ်သီချင်းမဆိုမီ ခွင့်ပြုချက် တောင်းထားရကောင်း တောင်းထားရနိုင်သည်။ ဘီစကစ်မုန့် ထုတ်လုပ်သည့် စက်ရုံက ကုန်ကျစရိတ်မြင့်တက်ခြင်းကြောင့် ဘီစကစ်မုန့်ဈေးကို မြှင့်တင်လိုက်လျှင် ဘီစကစ်မုန့်တစ်ထုပ်သည်လည်း နိုင်ငံရေး ဖြစ်သွားနိုင်သည်။

## လေ့ကျင့်ခန်းများ

ကျောင်းသားများ အကြောင်းအရာလေ့လာခြင်းကို ဖတ်ပြီး မေးခွန်းများကို ဖြေပါ။

အဖြေများ

၁။ WDN ၏ အလုပ်သည် နိုင်ငံရေးဖြစ်သည်။ အကြောင်းမှာ ၄င်းသည် နယ်ရှိ အမျိုးသမီးများ၏ ကျန်းမာရေးစနစ်၊ ပညာရေးအခွင့်အလမ်း၊ ဆင်းရဲခြင်းကိစ္စရပ်များအား ပြောင်းလဲရန် ကြိုးစားသောကြောင့် ဖြစ်သည်။

၂။ WDN သည် ကိုယ်ဝန်သည်အမျိုးသမီးများနှင့် ကလေးများအတွက် ကျန်းမာရေးပြုစုမှုအစီအစဉ်များ ထားရှိသည်။ ကလေးထိန်းကျောင်း ဖွင့်ထားပေးသည့်အတွက် အမျိုးသမီးများ နေ့ဘက် လွတ်လပ်စွာ အလုပ်လုပ်၍ ရသည်။ WDN သည် အလုပ်အခွင့်အရေးများကိုလည်း ပေးသည်။

## ဒေသတွင်း စဉ်းစားခြင်း

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကျောင်းသား လေးယောက် သို့မဟုတ် ငါးယောက်ကို တစ်ဖွဲ့ဖွဲ့ပါ။ ၄င်းတို့ အသိုင်းအဝိုင်းရှိ အဖွဲ့အစည်းများအား ခေါင်းချင်းရိုက် စာရင်းလုပ်ပါစေ။ မည်သည့်အဖွဲ့အစည်းများက နိုင်ငံရေးဖြစ်သည်ကို ဆုံးဖြတ်ခိုင်းပါ။

ကျောင်းသားများသည် နိုင်ငံရေးအဖွဲ့အစည်းများ စာရင်းကို ကြည့်ပြီး မည်သည့်အဖွဲ့တွင် အမျိုးသမီးများ ပါသည်၊ အမျိုးသမီးများ ခေါင်းဆောင်ပိုင်း ရသည် မရသည်၊ အဘယ့်ကြောင့် အမျိုးသမီးများ ခေါင်းဆောင်ပိုင်း ရ မရ စသည်တို့ကို ဆွေးနွေးရမည်။

ထို့နောက် အမျိုးသမီးအဖွဲ့အစည်းများအကြောင်း ဆွေးနွေးပြီး ယောကျ်ားတစ်ယောက်သည် အမျိုးသမီးအဖွဲ့အစည်း၏ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်နိုင် မဖြစ်နိုင်ကို ဆုံးဖြတ်ပါ။

ထို့နောက် အမျိုးသမီး မပါဝင်သော အဖွဲ့အစည်းများကို ကြည့်ပြီး ထိုအဖွဲ့အစည်းများ၌ အမျိုးသမီးများ ပါဝင်လျှင် ပိုကောင်း မကောင်း ဆွေးနွေးပါ။

အဖွဲ့တစ်ဖွဲ့စီ၏ အတွေးအခေါ်များအား စာသင်ခန်းတွင် တင်ပြခိုင်းပါ။

## အမျိုးသမီးများမပါဘဲ ဆုံးဖြတ်ချက်ချခြင်း

### အတန်းတွင်းလေ့ကျင့်ခန်း

ကျောင်းသားများ၏ အသိုင်းအဝိုင်း သို့မဟုတ် ဒေသအတွင်း လွန်ခဲ့သည့်နှစ်အနည်းငယ်က ချမှတ်ခဲ့သော လူသားတစ်ခုလုံးအပေါ် အကျိုးသက်ရောက်သည့် အရေးကြီးဆုံးဖြတ်ချက် လေးခု သို့မဟုတ် ငါးကို စာသင်ခန်းအလိုက် စာရင်းလုပ်ပါ။

ကျောင်းသားများအား အဖွဲ့ငယ်လေးများ ဖွဲ့ပေး၍ တစ်ဖွဲ့စီအား ဆုံးဖြတ်ချက်တစ်ခုစီကို ခွဲခြမ်းစိတ်ဖြာခိုင်းပါ။

**–ဤဆုံးဖြတ်ချက်သည် ယောကျ်ားရော၊ မိန်းမအား တူညီစွာ သက်ရောက်မှု ရှိပါသလား။**

**–ထိုဆုံးဖြတ်ချက်များအား မည်သူချသနည်း။ ထိုအဖွဲ့၏ ရာခိုင်နှုန်းမည်မျှ (ခန့်မှန်းခြေ)သည် အမျိုးသမီးများ ဖြစ်သနည်း။**

**–ထိုဆုံးဖြတ်ချက်ချသူ၏ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်လျှင် ဆုံးဖြတ်ချက်သည် မည်သို့ သက်ရောက်မှု ရှိမည်နည်း။**

အဖွဲ့များ ၎င်းတို့၏ ရလဒ်များကို အတန်းတွင်း မျှဝေပါ။

## စဉ်းစားခိုင်းခြင်း

အမျိုးသမီးခေါင်းဆောင် (သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်)ရှိသော နိုင်ငံများစာရင်းကို ရေးချကြည့်ပါ။ အမျိုးသမီးခေါင်းဆောင် လုံးဝမရှိသော နိုင်ငံများစာရင်းကိုလည်း ရေးချပါ။

**အမျိုးသမီးခေါင်းဆောင်ကို ရွေးကောက်သော နိုင်ငံများမှာ**။ ။ ဗြိတိသျှ၊ အိန္ဒိယ၊ အစ္စရေး၊ အိုင်ယာလန်၊ နီကာရာဂူအာ၊ ကနေဒါ၊ ချိုင်းလ်၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အိုက်စ်လန်၊ ဘာမြူဒါ၊ ဒိုမီနီကာ၊ ဂျာမေကာ၊ ဂူယားနား၊ နယ်သာလန်၊ အန်တီ–လိစ်၊ မိုဇန်ဘိဇ်၊ လိုင်ဘေးရီးယား၊ ပနားမား၊ ပီရူး၊ လီသူယားနား၊ လက်ဗီယာ၊ နော်ဝေ၊ ပိုလန်၊ ဂျာမနီ၊ တူရကီ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ နယူးဇီလန်၊ အာဂျင်တီးနား၊ ဖိလစ်ပိုင်

**မည်သည့်အခါမှ အမျိုးသမီးခေါင်းဆောင် မရွေးကောက်ဖူးသော နိုင်ငံများ**။ ။ အခြားနိုင်ငံအားလုံး။ အမေရိကန်၊ ဂျပန်၊ ထိုင်း၊ ရုရှား၊ အီတလီ၊ စပိန်၊ ဘရာဇီး၊ မက္ကစီကို၊ ဩစတြေးလျ တို့ ပါဝင်။

## ဆွေးနွေးချက်

အောင်ဆန်းစုကြည်၏ ထုတ်နုတ်ချက်ကို ဖတ်ပြီး မေးခွန်းများအား စာသင်ခန်းအလိုက် ဆွေးနွေးပါ။ အဖြေ မှန်သည် မှားသည်ဟူ၍ မရှိပါ။ ကျောင်းသားများ၏ စဉ်းစားပုံကို ကြည့်ရန်သာ ဖြစ်သည်။

# နိုင်ငံ့လွှတ်လပ်ရေး ကြိုးပမ်းမှုများ

## ဆွေးနွေးချက်

နိုင်ငံရေးရှိ အမျိုးသမီးများနှင့် ပတ်သက်သည့် မေးခွန်းကို စာသင်ခန်းအလိုက် ဆွေးနွေးပါ။

## စဉ်းစားခိုင်းခြင်း

အမျိုးသမီးများ နိုင်ငံရေးတွင် မပါဝင်နိုင်ရန် တားဆီးထားသည့် အရာများအားလုံးအကြောင်း ကျောင်းသားများအား အုပ်စုငယ်လေးများဖွဲ့၍ စဉ်းစားခိုင်းပါ။ အပြင်ပိုင်း အတားအဆီး (ပုံသေသတ်မှတ်ခြင်း၊ ပညာမသင်ရခြင်း၊ အလုပ်အတွေ့အကြုံမရှိခြင်း) နှင့် အတွင်းပိုင်းအတားအဆီး (ကိုယ့်ကိုယ်ကို ယုံကြည်မှု ကင်းမဲ့ခြင်း) နှစ်ခုလုံး ထည့်စဉ်းစားရမည် ဖြစ်သည်။

## လေ့ကျင့်ခန်းများ

ကျောင်းသားများ ဇယားကို ကြည့်၍ မေးခွန်းများကို ဖြေပါ။ ကျောင်းသားများအား မြေပုံပေါ်တွင် ထိုဒေသများ၏ တည်နေရာကို ရှာခိုင်းပါ။ မြေပုံနှင့် အချိန်မရှိလျှင် မခိုင်းပါနှင့်။

**အဖြေများ**

**၁။** အားလုံးနီးပါး ဖြစ်သည်။

**၂။** တရုတ်နှင့် နော်ဝေ (၁ ရာခိုင်နှုန်းပိုနည်း)၊ ရုရှား (၃ ရာခိုင်နှုန်း ပိုနည်း)။ ဤ ကျဆင်းသွားမှုများသည် အလွန်သေးငယ်ကာ

ယောက်ျားမိန်းမနှင့် ဆက်နွယ်ချင်မှ ဆက်နွယ်မည်ဖြစ်ကြောင်း ကျောင်းသားများအား ရှင်းပြပါ။

**၃။** ကျောင်းသားများသည် အရှေ့တောင်အာရှ ၅ နိုင်ငံကို ကြည့်၍ လွှတ်တော်အတွင်း အမျိုးသမီးအရေအတွက်များအား နှိုင်းယှဉ်ရမည်။ ၄င်းတို့အား နှိုင်းယှဉ်ခြင်းစကားလုံးများအား အသုံးပြုခိုင်းပါ။ ဥပမာ။ ။

–အခြား အရှေ့တောင်အာရှနိုင်ငံများထက် ဗီယက်နမ်နှင့် စင်ကာပူတို့၏ လွှတ်တော်တွင် အမျိုးသမီးဦးရေ ပိုများသည်။

–ထိုင်းနှင့် မလေးရှားရှိ လွှတ်တော်များတွင် အမျိုးသမီးအရေအတွက် အနည်းဆုံးဖြစ်သည်။

–မလေးရှားတွင် အရေအတွက် တိုးတက်မှု အနည်းဆုံးဖြစ်သည်။

–၁၉၉၅ မှ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတိုင်းရှိ အရေအတွက်များ တိုးတက်လာသည်။

–၂၀၀၄ မှ ၂၀၀၇ ခုနှစ်အတွင်း စင်ကာပူတစ်နိုင်ငံတည်းသာ အရေအတွက် တိုးတက်မှု ရှိသည်။

**၄။** ရဝန်ဒါ။ နောက်တစ်ခန်း မသွားခင် ထိုသို့ အရေအတွက် ကြီးမားစွာ တိုးတက်ရသည့် အကြောင်းရင်းကို ကျောင်းသားများအား အချိန်ပေး စဉ်းစားခန့်မှန်းခိုင်းပါ။

**ယေဘုယျ အတက်အကျကို ကျောင်းသားများအား ပြောခိုင်းပါ။**

**–ယေဘုယျအားဖြင့် လွှတ်တော်များ၌ အမျိုးသမီးများ ပါဝင်မှုမှာ မြင့်တက်လာသည်။**

## ရဝန်ဒါရှိ ယောက်ျားမိန်းမနှင့် အစိုးရ

### လေ့ကျင့်ခန်းများ

လွှတ်တော်၏အဓိပ္ပာယ်ကို ကျောင်းသားများ နားလည်အောင် ရှင်းပြပါ။ ကိုတာအကြောင်း ကြိုတင်သင်ကြားထားပေးပါ။

*–သတ်မှတ်ထားသော စုစုပေါင်းပမာဏ၏ အစိတ်အပိုင်း*

**စာပိုဒ်ကို ဖတ်ပြီးနောက် နိုင်ငံလွှတ်တော်သို့ အမျိုးသမီးများ ရွေးကောက်သည့် ကိုတာကို ကျင့်သုံးသော ကမ္ဘာ့ အခြား နိုင်ငံ ၁၄ နိုင်ငံမှာ။ ။ အာဖဂနစ္စတန်၊ အာဂျင်တီးနား၊ ဘင်္ဂလားဒေ့ရှ်၊ ဘူရန်ဒီ၊ ပြင်သစ်၊ ဂူယားနား၊ အီရတ်၊ ကင်ညာ၊ နီပေါ၊ ဆားဘီးယား၊ ဆိုမားလီးယား၊ ထိုင်ဝမ်၊ တန်ဇန်းနီးယား၊ ယူဂန်ဒါ**

### ဖြစ်နိုင်ခြေရှိသော အဖြေများ

**၁။** လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးကဏ္ဍပြောင်းလဲခြင်းနှင့် ကိုတာစနစ် ဆိုသည့် အကြောင်းပြချက်နှစ်ခုကို ပေးထားသည်။

**၂။** ကျောင်းသားများထံမှ အတွေးအခေါ်များအား မေးမြန်းကြည့်ရင်း အချင်းချင်း ဆွေးနွေးခိုင်းပါ။ ဖြစ်နိုင်ခြေရှိသော အဖြေများမှာ အမျိုးသမီးအဖွဲ့များ၊ ညီမျှမှုပိုရှိရန် လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်း၊ အမျိုးသမီးများ စွမ်းရည်အသစ်များကို သင်ယူရခြင်းကြောင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုပိုရှိလာခြင်းတို့ ဖြစ်သည်။

**၃။** ကျောင်းသားများထံမှ ထင်မြင်ချက်များ မေးမြန်းကာ ဆွေးနွေးပါ။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ လူမျိုးတုံးသတ်ဖြတ်ခြင်းပြီးနောက် ပြောင်းလဲမှုများအပေါ် အမျိုးသားများက ပိုပွင့်လင်းကြသည်။ အမျိုးသမီးများ ကဏ္ဍအသစ် ဖွင့်ခြင်း၊ တာဝန်အသစ်ယူခြင်းတို့ကြောင့် ယောက်ျားတို့၏ အမျိုးသမီးများအပေါ် မြင်သော အမြင်များ ပြောင်းလဲလာသည်။

**၄။** ကျောင်းသားများအား အခြေအနေနှစ်ခုကို နှိုင်းယှဉ်ခိုင်းပါ။ ယောက်ျားမိန်းမ ညီမျှမှုသည် အစိုးရအုပ်ချုပ်မှုများအတွက် စံတစ်ခု ဖြစ်လာနိုင် မနိုင် ကျောင်းသားများ၏ အမြင်ကို မေးမြန်းကြည့်ပါ။

## သင်ခန်းစာပြန်လည်လေ့လာခြင်း

**ဖြစ်နိုင်ခြေရှိသောအဖြေများ**

**၁။** လူထုအစည်းအဝေးကို ကြော်ငြာသည့် ပိုစတာတစ်ခု ထောင်ခြင်း၊ အခမဲ့ ဆေးခန်းအတွက် ရန်ပုံငွေရှာခြင်း၊ လွှတ်တော်အဖွဲ့ဝင်ရွေးရန် မဲပေးခြင်း။

**၃။** ကျောင်းသားများထံမှ အကြံဉာဏ်အချို့ နားထောင်ပြီး စာသင်ခန်းအလိုက် ဆွေးနွေးပါ။

**၄။** အမျိုးသမီးများသည် များသောအားဖြင့် ကလေးငယ်များကို စောင့်ရှောက်ရာ၌ ပိုမိုပါဝင်သောကြောင့် ထိုကိစ္စများနှင့် ဆက်–စပ်သော လူမှုရေးဝန်ဆောင်မှုများ ဥပမာ ကလေးထိန်းကျောင်းနှင့် ကလေးဆေးရုံထောင်ခြင်း များကို ပိုစိတ်ဝင်စားကြပေမည်။ အိမ်တွင်းအကြမ်းဖက်မှုကို တရားမဝင်ဖြစ်အောင် ဥပဒေများသတ်မှတ်ခြင်း၊ အဓမ္မပြုကျင့်ခံရသူ သားကောင်အမျိုးသမီးများအား အကာအကွယ်ပေးခြင်းတို့ကို ၄င်းတို့ စိတ်ဝင်စားပေလိမ့်မည်။

# ၇။ ယောက်ျားမိန်းမနှင့် ပညာရေး

**ကလေးများအား ဆိုရှယ်လိုင်ဖေးရှင်း လုပ်ခြင်း**

ဒဏ္ဍာရီဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပါ။

မျိုးရိုးတစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းလာသည့် ရိုးရာပုံပြင်

ကျောင်းသားများသည် ပဒေါင်ဒဏ္ဍာရီကို ဖတ်ကြရမည်။

**ထပ်ဆောင်းအတွေးအခေါ်များ**

–ပုံပြင်ထဲမှ ဇာတ်ဝင်ခန်းအချို့ကို ကျောင်းသားများအား အဖွဲ့လိုက် သရုပ်ဆောင်ခိုင်းပါ။ သို့မှသာ ပုံပြင်ထဲရှိ တစ်ဦးတည်းသော အမျိုးသမီးဇာတ်ကောင်သည် မည်သည့်အခါမျှ အသံထွက်ခွင့်မရှိသည်ကို သိလာရမည်။

–ကျောင်းသားများသည် ဇာတ်လမ်းအား အဖွဲ့ငယ်များအတွင်း သရုပ်ဖော်ရမည်။ တစ်ဖွဲ့စီက ဇာတ်လမ်း၏ စာပိုဒ်တစ်ပိုဒ်စီကို ပုံဖော်ရမည်။ ထို့နောက် ဆွဲသားထားသည်များကို အတန်းအတွင်း အလဲအလှယ်လုပ် မျှဝေကြည့်ရှုပါ။

## လေ့ကျင့်ခန်းများ

ကျောင်းသားများသည် မေးခွန်းများအား တစ်ဦးစီ သို့မဟုတ် နှစ်ယောက်တစ်တွဲစီ ဖြေဆိုရမည်။ ထို့နောက် စာသင်ခန်းအလိုက် မေးခွန်းများကို ဆွေးနွေးပါ။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

အဖွဲ့ငယ်လေးများတွင် လေ့ကျင့်ရမည် ဖြစ်သည်။ ကျောင်းသားများ ကလေးဘဝတွင် နားထောင်ဖူးသော ပုံပြင်တစ်ပုဒ်ကို ရွေးချယ်ပါ။ ပုံပြင်ထဲမှ အဓိကဇာတ်ကောင်များကို လေ့လာရမည်။ ထိုဇာတ်ကောင်များ၏ ဝိသေသလက္ခဏာများ၊ ပုံပြင်ထဲပြုမူလှုပ်ရှားပုံများကို ဖော်ပြရမည်။

ပုံပြင်ထဲရှိ ယောကျ်ား၊ မိန်းမတို့၏ အခန်းကဏ္ဍမှတစ်ဆင့် မိန်းကလေး၊ ယောကျ်ားလေးများ မည်သည့်သင်ခန်းစာကို ထုတ်ယူနိုင်ကြောင်း အဖွဲ့လိုက် ဆွေးနွေးပါ။

တစ်ဖွဲ့စီက အတန်းရှေ့ထွက်ပြီး မိမိတို့၏ ပုံပြင်နှင့် ယောကျ်ားမိန်းမ ခွဲခြမ်းစိတ်ဖြာမှုများကို တင်ဆက်ပါ။

## ဆွေးနွေးချက်

ဤပုံပြင်များက ကလေးငယ်များကို မည်သို့ပညာပေးကြောင်း၊ ပုံပြင်များသည် ဆိုရှယ်လစ်ဇင်နှင့် အင်တာနေရှင်နယ်လစ်ဇင်တို့နှင့် မည်သို့ ဆက်စပ်မှုရှိကြောင်း ဆွေးနွေးပါ။ အောက်ပါအချက်များရအောင် ဆွဲထုတ်ပါ။

–၄င်းတို့သည် သင့်တော်သော အပြုအမူများအား သရုပ်ပြသည့် စိတ်ကူးယဉ်စံပြများဖြစ်သည်။

–ပုံပြင်များသည် ထိုစံပြပုဂ္ဂိုလ်များမှတစ်ဆင့် ကလေးများအား ဆိုရှယ်လိုက်စ် လုပ်သည်။ အချို့အပြုအမူများ၊ ဝိသေသလက္ခဏာရပ်များ ရှိခြင်းဖြင့် အောင်မြင်မှုရနိုင်သည်၊ အချို့အပြုအမူ၊ လက္ခဏာများမှာ ရှုံးနိမ့်မှုကို ဦးတည်သည်ဟု ကလေးများက သင်ယူကြသည်။

–ကလေးများက ဤပုံပြင်များ၊ ဤပုံများနှင့် အလားတူပုံပြင်များအား အဖန်တလဲလဲ ကြားခြင်းဖြင့် ဤအတွေးအခေါ်များကိုအင်တာနေရှင်နယ်လိုက်စ်လုပ်သည်။၄င်းတို့သည်ဥပမာမိန်းကလေးများသည်ချိုသာလှပလျှင်ပိုအောင်မြင် မည်၊ မိန်းကလေးများသည် အားနွဲ့ပြီး အကာအကွယ်လိုသောကြောင့် ယောကျ်ားလေးများသည် မိန်းကလေးများကို စောင့်ရှောက်ရမည် စသည်တို့ကို ဖြည်းဖြည်းချင်း ယုံကြည်လာကြသည်။

## လေ့ကျင့်ခန်းများ

ကြိုတင်သင်ကြားခြင်း – enrol စာရင်းသွင်းခြင်း

မေးခွန်းများကို မဖြေခင် ကျောင်းသားများနှင့်အတူ ဇယားကို လေ့လာပါ။ အချိုးအကြောင်း ၄င်းတို့ နားလည်အောင် ရှင်းပြပါ။ =ယောကျ်ားလေးနှင့် မိန်းကလေးအချိုး=ဆိုသည်မှာ မိန်းကလေးဦးရေကို ယောကျ်ားလေးဦးရေဖြင့် စားထားခြင်းဖြစ်သည်။ အချိုးမှာ ၁ ဖြစ်နေလျှင် ယောကျ်ားလေး၊ မိန်းကလေး အရေအတွက်မှာ တူညီပြီး မူလတန်းကျောင်းပညာရေးတွင် စာရင်းသွင်းရာ၌ ယောကျ်ားလေး၊ မိန်းကလေး မညီမျှမှု မဖြစ်ဟု ဆိုရမည်။ အချိုးမှာ ၁ ထက်နည်းလျှင် စာရင်းသွင်းသူ ယောကျ်ားလေးဦးရေသည် မိန်းကလေးဦးရေထက် များသည်။အချိုးမှာ ၁ ထက်ကြီးလျှင် စာရင်းသွင်းသူ မိန်းကလေးဦးရေသည် ယောကျ်ားလေးဦးရေထက် များသည်။

**အဖြေများ**

၁။ ၂၀၀၅ ခုနှစ်တွင် အချိုး ၁ ရှိသော နိုင်ငံများမှာ။ ။ ချက်ရီပက်ဘလစ်၊ ဂျာမနီ၊ မွန်ဂိုလီးယား၊ နီပေါ၊ ပိုလန်၊ ရဝန်ဒါ၊ တောင်ကိုရီးယားတို့ ဖြစ်သည်။ ရည်ရွယ်ချက်ပြည့်မှီလုနီးပါး နိုင်ငံအများအပြားရှိကြောင်း ကျောင်းသားများအား ထောက်ပြပါ။

၂။ ၁၉၉၉ ခုနှစ်ထက်စာလျှင် ၂၀၀၅ ခုနှစ်တွင် အချိုး ၁ နှင့် ပိုနီးကပ်လာသော နိုင်ငံများမှာ ချိုင်းလ်၊ ကျူးဘား၊ အိန္ဒိယ၊ အီရတ်၊ လာအို၊ မြန်မာ၊ နော်ဝေ၊ အမေရိကန်

၃။ ဇယားမှာ ဤသို့ဖြစ်နိုင်သည်။

| ၂၀၀၅ ခုနှစ်တွင် မူလတန်းကျောင်း စာရင်းသွင်းရာ၌ မိန်းကလေးထက် ယောကျ်ားလေးဦးရေ ပိုများသော နိုင်ငံများ | ၂၀၀၅ ခုနှစ်တွင် မူလတန်းကျောင်း အပ်နှံသောယောကျ်ားလေး၊ မိန်းကလေးအရေအတွက် တူညီသည့် နိုင်ငံများ | ၂၀၀၅ ခုနှစ်တွင် မူလတန်းကျောင်းတွင် စာရင်းသွင်းရာ၌ ယောကျ်ားလေးထက် မိန်းကလေးဦးရေ ပိုများသော နိုင်ငံများ |
|---|---|---|
| ကမ္ဘောဒီးယား | ချက်ရီပက်ဘလစ် | ဘင်္ဂလားဒေ့ရှ် |
| ချီလီ | ဂျာမနီ | အီရန် |
| ကူးဘား | မွန်ဂိုလီးယား | မော်လ်ဒိုက် |
| အီဂျစ် | နီပေါ | နော်ဝေ |
| ဂူယားနား | ရဝန်ဒါ | |

| ၂၀၀၅ ခုနှစ်တွင် မူလတန်းကျောင်း စာရင်းသွင်းရာ၌ မိန်းကလေးထက် ယောက်ျားလေးဦးရေ ပိုများသော နိုင်ငံများ | ၂၀၀၅ ခုနှစ်တွင် မူလတန်းကျောင်း အပ်နှံသောယောကျ်ားလေး၊ မိန်းကလေးအရေအတွက် တူညီသည့် နိုင်ငံများ | ၂၀၀၅ ခုနှစ်တွင် မူလတန်းကျောင်းတွင် စာရင်းသွင်းရာ၌ ယောကျ်ားလေးထက် မိန်းကလေးဦးရေ ပိုများသော နိုင်ငံများ |
|---|---|---|
| အိန္ဒိယ | တောင်ကိုရီးယား | |
| အီရတ် | | |
| လာအို | | |
| မော်ရကို | | |
| မြန်မာ | | |
| ဖိလစ်ပိုင် | | |
| တောင်အာဖရိက | | |
| ဆွီဒင် | | |
| အမေရိကန် | | |
| ဗနွားတူ | | |

**၄။** ကျောင်းသားများအား ဇယားရှိ အချက်အလက်များကို ပေါ်လွင်စေမည့် စာကြောင်းအချို့ကို ရေးခိုင်းပါ။ ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် ရေးသားနိုင်သည်။ ရေးပြီးသွားလျှင် ကျောင်းသားများအား ၎င်းတို့ရေးသားထားသည့် စာကြောင်းအချို့ကို ပေးဖတ်ခိုင်းပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**=ကျောင်းအပ်နှံရာ၌ ယောကျ်ားလေးဦးရေထက် မိန်းကလေးဦးရေ ပိုများသော နိုင်ငံ အများအပြား မရှိပါ။=**

**=နိုင်ငံအများစုတွင် ကျောင်း၌ ယောကျ်ားလေးဦးရေသည် မိန်းကလေးဦးရေထက် ပိုများသည်။=**

**=အမေရိကန်သည် ယောကျ်ားလေးနှင့်မိန်းကလေး တန်းတူအခွင့်အရေး ရရမည်ဆိုသော ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရှိသေးပေ။=**

## ဆွေးနွေးချက်

ယောကျ်ားလေးများ ထင်သလောက် အောင်မြင်မှုမရခြင်း ကိစ္စရပ်နှင့်ပတ်သက်၍ မေးခွန်းများကို ဆွေးနွေးပါ။

–အမျိုးသမီးများ တန်းတူအခွင့်အရေး ပိုရသော နိုင်ငံများတွင် ယောကျ်ားလေးများ ထင်သလောက်အောင် မြင် မှု မရခြင်း ပြဿနာ ပိုတွေ့ရသည်။ အကြောင်းမှာ ထိုနိုင်ငံများတွင် မိန်းကလေးနှင့် အမျိုးသမီးတို့၏ အခြေအနေ တိုးတက်အောင် လုပ်ဆောင်နေကြရာ သိပ်မကြာသေးခင်အထိ ယောကျ်ားလေးများ ထင်သလောက်မတော်ကြောင်း သတိမထားမိခဲ့ကြပေ။ ယခုအခါ ယောကျ်ားလေးများ၏ ပညာရေးအခြေအနေ တိုးတက်ရန် ရင်းမြစ်များ တပ်ဆင်နေပြီ ဖြစ်သည်။ အမျိုးသမီးအခွင့်အရေး မရသေးသည့် နိုင်ငံများတွင်မူ တစ်ဖက်စာမျက်နှာတွင် ဖော်ပြထားသည့် ပြဿနာများကို ရင်ဆိုင်ရသည်က ပိုများသည်။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

ယောကျ်ားလေးနှင့် မိန်းကလေးတို့ တူညီသော ပညာရေး ရရှိသင့်သည့် အကြောင်းရင်းများကို ကျောင်းသားများ အဖွဲ့လိုက် ဆွေးနွေးပါ။ အောက်ပါမေးခွန်းများကို ထည့်သွင်းစဉ်းစားရန် အားပေးအားမြှောက်ပြုပါ။

အချက်အားလုံးကို ၎င်းတို့ သဘောတူပါသလား။

၎င်းတို့သည် မည်သည့်အချက်ကို အရေးကြီးဆုံးဟု ထင်သနည်း။

မိန်းကလေးများ တူညီသောအခွင့်အရေး ရသင့်သည်ဆိုသည့်အပေါ် မည်သို့ ကန့်ကွက်နိုင်သနည်း။

မိန်းကလေးများအတွက် တူညီသောအခွင့်အရေး ရသင့်သည်ဆိုသည့် အခြားအကြောင်းပြချက်များကို ၄င်းတို့ စဉ်းစားမိပါသလား။

## လေ့ကျင့်ခန်းများ

ကျောင်းသားများ အကြောင်းအရာလေ့လာခြင်းကို ဖတ်ပြီး မေးခွန်းများကို ဖြေပါ။

ဖြစ်နိုင်ခြေရှိသော အဖြေများ

**၃။** ချာမူနှင့် ဘာရီဘာတို့ နှစ်ဦးစလုံးသည် အခြားကျောင်းသားများနည်းတူ အမှတ်နည်းမည်ကို စိတ်ပူခြင်း၊ စာမေးပွဲ မ အောင် မည်ကို စိတ်ပူခြင်း၊ ဆရာများ၊ ကျောင်းသားများနှင့် ပြဿနာဖြစ်မည်ကို ပူခြင်း စသည့် တူညီသော ပြဿ နာရပ်များကို ရင်ဆိုင်ရသည်။ ချာမူသည် ၄င်းမိဘ၏ မျှော်လင့်ထားမှုအတွက် ပြဿနာ ရင်ဆိုင်ရဖွယ် ရှိသည်။ အောင်မြင်ရန် သူမတွင် ဖိအား ရှိကောင်းရှိမည်၊ သို့မဟုတ် သူမ ထင်သလောက် အမှတ်ကောင်းကောင်းမရလျှင် မိဘများ စိတ်ဆိုးမည်ကို စိုးရိမ်မှုလည်း သူမတွင် ရှိနိုင်သည်။ ဘာရီဘာ၏ ပြဿနာမှာ မိသားစုထံမှ ပညာရေးနှင့်ပတ်သက်၍ မည်သည့်အကူအညီမျှ မရခြင်း၊ အိမ်စာလုပ်ရန်၊ စာဖတ်ရန် အချိန်အလုံအလောက် မရခြင်းတို့ ဖြစ်သည်။ ကျောင်း၌ ပေါ့ပါးစွာ စာသင်ကြားချိန်၌ သူမ ပင်ပန်းကောင်း ပင်ပန်းနေလိမ့်မည်။

**၄။** ဆရာများ၊ ကျောင်းအရာရှိများသည် ဘာရီဘာ၏ မိဘများနှင့် တွေ့ဆုံပြီး ဘာရီဘာ ပညာကောင်းကောင်း သင်ရလျှင် သူမအတွက်ကော မိသားစုအတွက်ပါ အကျိုးရှိကြောင်း ရှင်းပြနိုင်သည်။ အသိုင်းအဝိုင်းရှိ လူများကလည်း ဘာရီဘာ၏ မိ– ခင်ကို အကူအညီပေးခြင်းဖြင့် ဘာရီဘာ အိမ်စာလုပ်ရန် အချိန်ရလာမည် ဖြစ်သည်။

**၅။**ချာမူသည်ယောကျ်ားလေးများနှင့်တန်းတူအောင်မြင်ရန်အခွင့်အရေးရနိုင်သည်။ဆရာကသူမအားယောကျ်ားလေးများနှင့် တန်းတူ ဆက်ဆံ မဆက်ဆံ၊ သူမအား တူညီစွာ အာရုံစိုက်မှု ရှိ မရှိ စသည်တို့အပေါ်တွင်တော့ မူတည်မည် ဖြစ်သည်။ တစ်ဖက်တွင် ဘာရီဘာသည် မိသားစု အထောက်အပံ့ ကင်းမဲ့ခြင်းကြောင့် ပညာရေးအောင်မြင်မှုရရန် အခက်အခဲများစွာ ရင်ဆိုင်ရသည်။

## လေ့ကျင့်ခန်းများ

ဖြစ်နိုင်လျှင် ကျောင်းသားများသည် ၄င်းတို့ အသိုင်းအဝိုင်းရှိ ပညာရေးစနစ်အား သုတေသန ပြုသင့်သည်။ သုတေသနပြုရန် ရွေးချယ်စရာ သုံးခုရှိသည်။ လေ့ကျင့်ခန်းတစ်ခုကို ရွေးချယ်လျှင် ရွေးချယ်၊ သို့မဟုတ် လေ့ကျင့်ခန်း သုံးခုလုံးကို လုပ်နိုင်သည်။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လုပ်နိုင်သည်။

**၁။ ကျောင်းသားများ စာသင်ခန်းကို လေ့လာပြီး မေးခွန်းများကို ဖြေပါ။**

**၂။ ကျောင်းနေအရွယ်ကလေးရှိသော အိမ်သို့ ညနေခင်းသွားလည်ပြီး မေးခွန်းများကို ဖြေပါ။**

**၃။ ကျောင်းတစ်ကျောင်း၏ စီမံမှုပုံစံအား လေ့လာကာ မေးခွန်းများကို ဖြေဆိုပါ။**

ကျောင်းသားများသည် ၄င်းတို့၏ သုတေသနပြုချက်များကို စာသင်ခန်းအတွင်း ပြန်လည်တင်ပြရမည်။ သို့မဟုတ် ပိုစတာ သို့မဟုတ် ရီပို့လုပ်ရမည်။

## သင်ခန်းစာပြန်လည်လေ့လာခြင်း

### ဖြစ်နိုင်ခြေရှိသော အဖြေများ

**၁။** ဤမေးခွန်း၏ အဖြေကို =အမျိုးသမီးနှင့် မိန်းကလေးများအတွက် ပညာရေး=နှင့် =ကျောင်းရှိမိန်းကလေးများ= ဟူသော စာပိုဒ်များထဲတွင် တွေ့နိုင်သည်။ ပါဝင်သည်များမှာ။ ။ ကလေးများအား ပိုမိုကောင်းမွန်စွာ ကျွေးမွေးခြင်း၊ ပညာ တတ်သောမိခင်များ အလုပ်ရခြင်း၊ ယောကျ်ားရော မိန်းမပါ နှစ်ယောက်စလုံး ပညာတတ်လျှင် တာဝန်များကို မျှဝေနိုင်ခြင်း။

၂။ =ကျောင်းရှိ မိန်းကလေးများ=ဆိုသော စာပိုဒ်တွင် ဤမေးခွန်း၏အဖြေကို ရှာနိုင်သည်။ ပါဝင်သည်များမှာ။ ။
ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းခြင်း၊ ဆရာများက ယောကျ်ားလေးများအပေါ် ပိုအာရုံစိုက်ခြင်း၊ အိမ်တွင်းအခြေအနေများ။
၃။ ကျောင်းသားများအား ဥပမာအချို့ရေးရန် အချိန်ပေးပါ။ ထို့နောက် ၎င်းတို့ ရင်ဆိုင်ကြရသော ကွဲပြားသည့် မညီမျှမှုများအကြောင်း ဆွေးနွေးပါစေ။ ယောကျ်ားလေးကိုရော မိန်းကလေးများကိုပါ ပေးပြောပါ။

# ၈။ နိဂုံး

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

ကျောင်းသားများသည် အောက်ပါ စကားပုံကို အဖွဲ့လိုက် ခွဲခြမ်းစိတ်ဖြာရမည် ဖြစ်သည်။

အဓိပ္ပာယ်မှာ ယောကျ်ားက ဦးဆောင်ပြီး မိန်းမက နောက်လိုက်ရမည်။ သို့သော် နှစ်ပိုင်းလုံးမှာ အရေးပါသည်။ ရိုးရာအားဖြင့် ယောကျ်ားများသည် ဆုံးဖြတ်ချက်ချသူများဖြစ်သည်။ သူက အရင်သွားပြီး လမ်းကို ရွေးသည်။ နောက်ခြေများသည် ပိုကြီးသောဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်သူများ ဖြစ်ကြသည်။ ဆင်၏ အလေးချိန်ကို ထောက်ပံ့ပေးသည့်အလုပ် လုပ်ရသည်။ နောက်ခြေများက ထိုင်ချင်ပြီဆိုလျှင် ရှေ့ခြေများ မည်မျှပင်သွားချင်ချင် သွားခွင့်မရှိ။ နောက်ခြေက မသယ်ချင်ဘူးဟု ဆုံးဖြတ်လျှင် ရှေ့ခြေသည် မည်သည့်နေရာမျှ သွား၍မရပေ။ သို့ရာတွင် နောက်ခြေသည် ဆင်၏အလေးချိန်ကို သယ်ဆောင်ထားရကာ ရှေ့လျားရန်ပင် ငြင်းဆန်သော်လည်း ၎င်းတို့သည် ရှေ့ခြေအား ဦးဆောင်ရန် သို့မဟုတ် ဆင်အား လမ်းညွှန်ရန် လုပ်ကိုင်ခွင့် မရှိပေ။

ထို့နောက် ကျောင်းသားများသည် ဤစကားပုံကို သင်ခန်းစာရှိ အခန်း ၅ခန်းလုံးနှင့် ဆက်စပ်တွေးတောရမည် ဖြစ်သည်။ ဖြစ်နိုင်ခြေရှိသော အဖြေ အများအပြား ရှိသည်။

### ဖြစ်နိုင်ခြေရှိသောအဖြေများ

၁။ ယောကျ်ားများသည် မန်နေဂျာများ၊ သူဌေးများဖြစ်ကြသည်။ အမျိုးသမီးများသည် အလုပ်သမားများ ဖြစ်သည်။
၂။ ခင်ပွန်းက ဦးဆောင်ပြီး ဇနီးက နောက်က လိုက်ရသည်။
၃။ ယောကျ်ားက ခေါင်းဆောင်ဖြစ်သည်။ မိန်းမများသည် နောက်လိုက်များဖြစ်ကြကာ အလုပ်အများစုကို လုပ်သည်။
၄။ ယောကျ်ားများက အုပ်ချုပ်သည်။ မိန်းမများက ယောကျ်ားများ အုပ်ချုပ်ရာတွင် ကူညီသည်။
၅။ ယောကျ်ားများသည် ကျောင်းအုပ်များ ဖြစ်ကြသည်။ အမျိုးသမီးများက ၎င်းတို့၏အောက်တွင် စာသင်ရသည်။

## လေ့ကျင့်ခန်းများ

မစတင်မီ ရှေးဟောင်းသုတေသနပညာရှင်ကို အဓိပ္ပာယ်ဖွင့်ဆိုခိုင်းပါ။
=လူတို့ စတင်ရာ၊ အပြုအမူ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုထုံးတမ်း”လေ့ ဖွံ့ဖြိုးတိုးတက်မှု သိပ္ပံအား လေ့လာသူ ဖြစ်သည်။=

ကျောင်းသားများသည် မီမီခိုင်၏ စာပိုဒ်ကို အင်္ဂလိပ်ဘာသာစကားဖြင့် ဖြစ်စေ၊ ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် ဖြစ်စေ ပြန်ဆိုပြီး နှစ်ပေါင်း ၅၀ အတွင်း ယောကျ်ားမိန်းမ ဆက်ဆံရေး ပြောင်းလဲမှုအပေါ် ၎င်းတို့၏ အမြင်အား ဆွေးနွေးပါစေ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ယောကျ်ားများသည် မိန်းမများထက် ပို၍ စိတ်ထိခိုက်လွယ်သည်။ ယောကျ်ားများအား လှည့်စားရန် လွယ်ကူသည်။ မိန်းမများသည် ပိုသိတတ်၍ တာဝန်ပိုယူတတ်သည်။ ထို့ကြောင့် စီးပွားရေးညှိနှိုင်းရာ၌ လည်းကောင်း၊ ယောကျ်ားများအား အကြံဉာဏ်ပေးရာ၌လည်းကောင်း အမျိုးသမီးများ ဝင်ပါသင့်သည်။

## အတန်းတွင်းလေ့ကျင့်ခန်း

ညီမျှခြင်း ၏ အဘိဓာန်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စာသင်ခန်းအလိုက် ဖတ်ပါ။
ထို့နောက် စာသင်ခန်းစာ အဖွဲ့နှစ်ဖွဲ့ ခွဲပါ (လူများလျှင် လေးဖွဲ့ သို့မဟုတ် ခြောက်ဖွဲ့ ခွဲပါ)။ တစ်ဖွဲ့က ယောကျ်ားနှင့် မိန်းမများသည် ညီမျှသည်ဟု သဘောတူရမည် ဖြစ်ပြီး ကျန်တစ်ဖွဲ့မှာ ကန့်ကွက်ရမည်။

အဖွဲ့များက ၄င်းတို့၏ ငြင်းခုံချက်ကို ပြင်ဆင်ရမည်။ မည်သည့်အချက်များဖြင့် အနိုင်ယူမည်နည်း။ တစ်ဖက်အဖွဲ့၏ အဆိုများကို မည်သို့ ချေပမည်နည်း။

သဘောတူသော အဖွဲ့အား ယောကျ်ားနှင့် မိန်းမများ ပိုညီမျှလာပုံများကို ထည့်သွင်းစဉ်းစားရန် အားပေးပါ။ ဥပမာ နိုင်ငံအများအပြား၌ အမျိုးသမီးနိုင်ငံရေးသမားဦးရေ တိုးပွားလာမှု

ငြင်းခုံကြပါ။ အဖွဲ့အများကြီးရှိလျှင် ငြင်းခုံမှုတစ်ခုထက် ပို၍ လုပ်ပါ။